# ကြေးမုံ

The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်၊ စနေနေ့၊ (26-12-2015) (၈၄၂၆)


## အေးစေ မြစေ မေတ္တာရေ

❁ နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
❁ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
❁ အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
❁ မေတ္တာစိတ်ဓာတ်၊ လွှန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
❁ မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး။
❁ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
❁ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံမမုန်း။
❁ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
❁ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# ရခိုင်ပြည်နယ် မာန်အောင် (စမုံတဲ) လေယာဉ်ကွင်းဖွင့်ပွဲနှင့် မြန်မာအမျိုးသားလေကြောင်းမှ ရန်ကုန် – မာန်အောင်၊ ကျောက်ဖြူ၊ စစ်တွေ ခရီးစဉ်သစ်စတင်ပျံသန်းခြင်းအခမ်းအနား ကျင်းပ



ရခိုင်ပြည်နယ် မာန်အောင်(စမုံတဲ) လေယာဉ်ကွင်းနှင့် မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ် မာန်အောင်လေယာဉ်ကွင်း (စမုံတဲ)သို့ ရောက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးမြအောင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မာန်အောင်လေယာဉ်ကွင်း (စမုံတဲ)နှင့် မြန်မာအမျိုးသားလေကြောင်းမှ ရန်ကုန်-မာန်အောင်၊ ကျောက်ဖြူ၊ စစ်တွေခရီးစဉ်သစ် စတင်ပျံသန်းခြင်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ခေတ္တပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးများသည် ဒေသခံရပ်မိရပ်ဖများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**စာမျက်နှာ ၃ ကော်လံ ၄ သို့ ❖**

# ကားတင်သွင်းခွင့်မူဝါဒအပြောင်းအလဲ ကြေညာချက်ထွက်ပြီးနောက်ပိုင်း ကားပါကင် ပါမစ်ဈေးနှုန်းများ မြင့်တက်




**ရန်ကုန် ဒီဇင်ဘာ ၂၅**

ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခွင့် မူဝါဒအသစ်ကို ဒီဇင်ဘာ ၁၉ ရက်က ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ကြေညာချက်ထုတ်ပြန်ခဲ့ပြီး အဆိုပါ ကြေညာချက်ထွက်ပေါ်လာပြီးနောက်ပိုင်း ရန်ကုန်မြို့တွင် ကားပါကင်ပါမစ်ဈေးနှုန်းများ အဆမတန်မြင့်တက်သွားခဲ့ပြီး မိမိပိုင်ခြံဝင်းအတွင်း ကားထားရန် ကိုယ်ပိုင်နေရာများရှိသော်လည်း အခြားပါမစ်ရရှိပြီးသူများထံမှ ကားပါကင်ပါမစ် ဝယ်ယူအသုံးပြုနေရသည်ဟု ကားဝယ်သူများထံမှ သိရသည်။

ရန်ကုန်မြို့တွင် ယာဉ်သွားလာမှု ကျပ်တည်းသောကြောင့် တစ်ဦးချင်း ကားတင်သွင်းခွင့် ဖရီးပါမစ်ဖြင့် ပြည်ပမှ ကားတင်သွင်းလာသူများကို ယာဉ်ရပ်နားရန် နေရာထောက်ခံချက်(ကားပါကင်ပါမစ်) ပါရှိမှသာ တင်သွင်းခွင့်ပြုရာ ကားပါကင်ပါမစ်ဈေးကွက်သည်လည်း လိုအပ်ချက်အရ ဈေးကွက်ခိုင်မာလျက်ရှိသည်ဟု သိရသည်။ ခရိုင်/မြို့နယ်အဆင့်ဆင့်တို့၏ စစ်ဆေးချက်များနှင့်အတူ စနစ်တကျ စစ်ဆေးချထားပေးသော ပါမစ်ဖြစ်သော်လည်း ပွဲစားများနှင့် မှောင်ခိုဈေးကွက်ဖြစ်ပေါ်နေမှုမှာ အမှန်တကယ် ကားဝယ်ယူစီးနင်းသူတို့အတွက် အခက်အခဲဖြစ်ရကြောင်း၊ ဈေးကစားသူများ၊ မမှန်မကန် လုပ်စားနေသူများအတွက် အခွင့်အရေးတစ်ခုလိုဖြစ်နေကြောင်း လုပ်ငန်းရှင်များနှင့် ကားဝယ်ယူစီးနင်းသူများက ပြောသည်။

“ကျွန်တော်က နိုဝင်ဘာလကတည်းက ကားပါကင်ပါမစ်လျှောက်ထားတာပါ။ မြောက်ဥက္ကလာပမြို့နယ်က ကျွန်တော်နေထိုင်တဲ့ အိမ်ခြံဝင်းထဲမှာပဲ ကားထားဖို့ ဂိုထောင်နေရာလေးဆောက်ထားတယ်။ တာဝန်ရှိသူ အဆင့်ဆင့်ကလည်း လာစစ်ဆေးပြီးသွားပြီ။ စစ်တဲ့သူတွေလည်း ကျေနပ်တဲ့စစ်ဆေးချက်တွေရတယ်။ အဲဒါနဲ့ အထက်ကို တင်ပြတယ်။ ဒါပေမယ့် အခုအချိန်အထိ ပါမစ်မကျဘူး။ လျှောက်လွှာအပယ်ခံရတယ်။ ပထမတစ်ခါက ခရိုင်ကပယ်တာလို့ သိရတယ်။ သွားမေးကြည့်တော့ ပြန်တင်ပါဆိုလို့ ပြန်တင်တော့လည်း ကျွန်တော့်နာမည်ပါမလာဘူး။ ကျွန်တော့်အနေနဲ့က ကိုယ်တိုင်လိုအပ်ချက်အရ ကားဝယ်စီးဖို့ ကားပါကင်ပါမစ်လျှောက်ထားတာပါ။ ကိုယ့်ခြံထဲမှာ ရပ်ဖို့နေရာရှိရဲ့သားနဲ့ ကားပါကင်ပါမစ်မရဘူး။ လျှောက်လွှာမကျဘူး။ အပယ်ခံရတယ်ဆိုတော့ ဘယ်အချက်တွေကြောင့် အပယ်ခံရတာလဲမေးတော့ တိုင်းအဆင့်က ပယ်တာဖြစ်ပါတယ်တဲ့။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**




ကြေးမုံ စာ တည်း ရှု ထောင့် ၂၆-၁၂-၂၀၁၅၊ စနေနေ့

# ငြိမ်းချမ်းရေး ပန်းတိုင်ဆီသို့

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲကြီးကို မကြာတော့သည့် နှစ်ကူးကာလ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပတော့မည်ဖြစ်သည်။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံမည့် နှစ်သစ်တွင်မင်္ဂလာရှိသော ငြိမ်းချမ်းရေးခရီးကို အောင်မြင်အောင် ဆက်လက်ကြိုးပမ်းအားထုတ်ကြမည့် သတင်းကောင်းကိုကြားသိရသည့်အတွက် ဝမ်းမြောက်မိပါသည်။

သမိုင်းတွင်မည့် ငြိမ်းချမ်းရေးမျက်နှာစာသစ်ကို ဤသို့တက်လှမ်းနိုင်ခဲ့ခြင်းသည် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်အစိုးရ၏ တိုင်းရင်းသားပြည်သူတို့အပေါ်တွင်ထားရှိသည့်စေတနာ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပေါ် ညီရင်းအစ်ကိုမောင်ရင်းနှမကဲ့သို့ ချစ်ခင်ရင်းနှီးသော မေတ္တာများကိုအခြေခံကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် အေးချမ်းစွာ ဖြေရှင်းနိုင်ခဲ့ခြင်းများ၏ နောက်ဆက်တွဲအကျိုးရလဒ်ကောင်းများပင်ဖြစ်သည်။

နှစ်ပေါင်းများစွာ သဘောကွဲလွဲခဲ့သော၊ လက်နက်ကိုင်ဖြေရှင်းခဲ့ရသော မငြိမ်းချမ်းသောအခြေအနေများကို ငြိမ်းချမ်းရေးစားပွဲဝိုင်းများတွင် လက်တင်ပြီး မျက်နှာချင်းဆိုင်ရိုးသားပွင့်လင်းစွာဖြင့် တစ်ဖက်နှင့်တစ်ဖက် နားလည်မှုရှိရှိ အဆင့်ဆင့်ညှိနှိုင်းအဖြေရှာခဲ့ကြသဖြင့် ထိုအဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်လက်ခံပွဲတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က "ကျွန်တော်တို့အနေနဲ့ မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးနိုင်ခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ကြားမှာ နှစ်ပေါင်းများစွာ သဘောကွဲလွဲခဲ့မှုတွေကို တစ်ဖက်နဲ့တစ်ဖက် နားလည်နိုင်စေခဲ့ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲများနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးတွေမှာလည်း စိတ်ရှည်သည်းခံခြင်း၊ အပြန်အလှန်နားလည်ခြင်းနဲ့ ယုံကြည်မှုဆိုသည့် တန်ဖိုးများကိုအခြေခံပြီး မဆုတ်မနစ်ကြိုးပမ်းသွားကြရန် တိုက်တွန်းလိုပါတယ်"ဟုပြောကြားထားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ခရီးလမ်းတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်အစိုးရ နိုင်ငံ့တာဝန်ယူခဲ့သည့်ကာလအတွင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး အတူတကွ လက်တွဲလျှောက်လှမ်းခဲ့ကြသောကြောင့် ငြိမ်းချမ်းရေးအောင်မြင်မှု အသီးအပွင့်အချို့ပင် ရရှိနေပြီဖြစ်သည်။ ငြိမ်းချမ်းရေးခရီးလမ်းတွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန်အတွက် အရေးကြီးသောလိုအပ်ချက်မှာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသာမက လိုအပ်ချက်များကို ညှိနှိုင်းတိုင်ပင်ဆွေးနွေးနိုင်မည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် ကျင်းပနေရန်ဖြစ်သည်။

ထာဝရငြိမ်းချမ်းရေး မရရှိသေးမီကာလအတွင်း လက်နက်ကိုင်အဖွဲ့များအချင်းချင်းကြား၌ အတူတကွ ပူးပေါင်းလက်တွဲနေထိုင်နိုင်ရေး လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရန်အရေးကြီးပေသည်။ ထို့ကြောင့် နယ်မြေဒေသအလိုက်ဆောင်ရွက်မည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် တစ်နိုင်ငံလုံးအတိုင်းအတာအလိုက်ဆောင်ရွက်မည့် ပြည်ထောင်စုအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

မကြာမီရောက်ရှိမည့် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးပွဲကျင်းပရန် စီစဉ်ထားရာ သမိုင်းအစဉ်အလာရှိသော တိုင်းရင်းသားခေါင်းဆောင်များ ပြည်ထောင်စုငြိမ်းချမ်းရေးခရီးလမ်းတွင် ပါဝင်လျှောက်လှမ်းကြစေရန် တိုက်တွန်းအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးတွင် အချိန်မရွေးပါဝင်နိုင်စေရန် တံခါးဖွင့်ပေးထားပြီးဖြစ်သည်။

ထို့ကြောင့် မိမိတိုင်းပြည်ကြီး ထာဝရငြိမ်းချမ်းမှု အမြန်ဆုံးရရှိစေရန်အတွက် မကြာမီကျင်းပတော့မည့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ယုံကြည်မှုအပြည့်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြစေရန် တိုက်တွန်းအပ်ပါသည်။ ။

# စေတုတ္တရာမြို့နယ်ရှိ ချင်းလူမျိုးတို့၏ ပါးရဲထိုးခြင်းဓလေ့ တိမ်ကောလာ

**စေတုတ္တရာ ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်နှင့် ၎င်း မြို့နယ်များရှိ ချင်းလူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများအနက် ဆေးမင်ကြောင်ထိုးသကဲ့သို့ မျက်နှာပေါ်တွင် အကွက်အဆင်များ ပုံဖော်ထိုးနှံခြင်းနှင့် မျက်နှာအပြည့် ဆေးထိုးခြင်း(ပါးရဲပါးမည်း)ဓလေ့များ ပျောက်ကွယ်စပြုနေပြီဖြစ်ကြောင်း သိရသည်။

ချင်းလူမျိုးတို့၏ ဓလေ့ထုံးတမ်းဖြစ်သော ကောက်ဦးစားပွဲ၊ ရိုးရာနတ်ပွဲကျင်းပခြင်း၊ ခေါင်ရည်စိမ်ခြင်း၊ ရိုးရာရက်ကန်းခတ်ခြင်း၊ ရိုးရာပွဲလမ်းသဘင်များတွင် အောက်ချင်းငှက်မောင်နှံတံဆိပ်ပါဝတ်စုံများ အမြတ်တနိုးဝတ်ဆင်ခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် မြင်တွေ့နိုင်သေးသည်။ သို့သော် ချင်းလူမျိုးများ၏ ပါးရဲထိုးခြင်း



ဓလေ့သည် ပျောက်ကွယ်သွားပြီဖြစ်ကြောင်း၊ ယင်းဒေသများတွင် ပါးရဲထိုးသူများကို အရေအတွက်အနည်းငယ်သာ မြင်တွေ့ရကြောင်း၊ အသက်(၈၀)ဝန်းကျင် အမျိုးသမီးကြီးများ၌သာ တွေ့မြင်ရတော့ကြောင်း စေတုတ္တရာဒေသခံတစ်ဦးက ပြောပြသည်။

"ကျွန်မတို့ရွာမှာ ချင်းလူမျိုး ပါးရဲထိုးတဲ့ အသက်(၈၀)အရွယ် အမေကြီးတစ်ယောက်ပဲ တွေ့ရတော့တယ်။ ကြန်စိမ့်၊ အရော၊ လက်ပံကျင်းနဲ့ ငွေးကုန်းရွာတွေမှာတော့ ပါးရဲထိုးသူ တစ်ဦးစ နှစ်ဦးစပဲတွေ့တယ်။ ရှင်ဘုရင်တွေခေတ်က တော်ကောက်မှာကြောက်လို့ ရုပ်ဆိုးအောင်ထိုးတာလို့ ယုံကြည်ကြတာပဲ။ ပါးရဲထိုးတာ ရုပ်ချောတဲ့ မိန်းကလေးတွေပဲထိုးရတာဆိုတော့ ပါးရဲထိုးသူတွေက ဒီနေ့အထိ ဂုဏ်ယူနေကြတုန်းပဲ" ဟု စေတုတ္တရာမြို့နယ် ခိုဝင်ကျေးရွာသူတစ်ဦးက ပြောသည်။

ပါးရဲထိုးခြင်းဓလေ့သည် ခေတ်နှင့်ဆီလျော်မှုမရှိသောကြောင့် ပျောက်ကွယ်သွားခြင်းဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် ပါးရဲထိုးသူ မိန်းကလေးများမရှိတော့ကြောင်း၊ မြို့ကြီးပြကြီးရောက်သူ ချင်းတိုင်းရင်းသူများမှာ ပါးရဲအစား ခေတ်မီတက်တူးများကိုသာ ခန္ဓာကိုယ်များတွင် ထိုးနှံတော့ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ရှေးယခင်က ပါးရဲထိုးရန်အတွက် ကြိမ်ချောင်းနှင့် ငွယ်ပုပ်ကြီးရွက်ကို သုံးရသည်။ ငွယ်ပုပ်ကြီးရွက်ကို ကွမ်းကဲ့သို့ ငုံကြသဖြင့် သွားများမည်းကုန်ကာ သွားမည်းမှ ပိုလှသည်ဟုလည်း ယူဆခဲ့ကြသည်။ ယခုအခါ ပါးရဲထိုးသူရော ငွယ်ပုပ်ကြီးငုံသူပါ ပျောက်ကွယ်စပြုလာပြီး နောင်အခါ ပါးရဲထိုးသူများကို မြင်တွေ့ရတော့မည် မဟုတ်ကြောင်း သိရသည်။

**ဖူးပွင့်နေခြည်(မကွေး)**



# မြန်မာမှုဆံကေသာဆံရစ်ဝိုင်းတို့ရှာကို ပြိုင်ပွဲဝင်ဓာတ်ပုံဆရာများ အထူးစိတ်ဝင်စား

**နွားထိုးကြီး ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံတွင် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းကာ ဆံရစ်ဝိုင်း၊ ဆံထောက်များထားရှိသည့် ယဉ်ကျေးမှုကျေးရွာကို ပြပါဆိုလျှင် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ဘူးကိုင်းကျေးရွာအုပ်စုရှိ ခံစပ်ကုန်းရွာကို ပြသရမည်ဖြစ်သည်။

ခံစပ်ကုန်းရွာသည် နာမည်ကျော်စကြာတောင်ကို နောက်ခံထားကာ ခံစပ်ကုန်းအရှေ့ရွာ၊ ခံစပ်ကုန်းအနောက်ရွာဟုရှိသည်။ ရွာထဲရှိ အမျိုးသား အမျိုးသမီးများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆံပင်ထားသိုမှုကို ယနေ့တိုင်ထားရှိနေသည်ကို တွေ့ရှိရသည်။

မြန်မာ့ရိုးရာ ဆံပင်ပုံထားမှုတွင် အမျိုးသားများဆိုလျှင် ငယ်ရွယ်စဉ်တွင် ဦးစွန်းဖုတ်ထားရှိကြသည်။ အမျိုးသမီးများဆိုလျှင် ဆံရစ်ဝိုင်း၊ ဆံထောက်၊ အုပ်လုံးသိမ်းဆိုသော ထားသိုမှုပုံစံများကို ထားရှိကြသည်။

မြန်မာ့ယဉ်ကျေးမှု ဆံပင်ထားသိုမှုတွင် အမျိုးသမီးငယ်များ အပျိုဖော်မဝင်ခင်တွင် ဆံရစ်ဝိုင်းများထားရှိကြသည်။ ထိုဆံရစ်ဝိုင်းသည် ကလေးသာသာအရွယ်ဆိုသည်ကို ပြသနေသည်။

အပျိုဖော်ဝင်သည်နှင့် ဆံထောက်ကို ထားလေ့ရှိသည်။ ဆံထောက်ထားမှုသည် အပျိုဖြန်းဖြစ်ပြီဆိုသည်ကို ပြသနေပေသည်။ အပျိုဖြစ်ပြီဟု ပြောဆိုခြင်းပင်ဖြစ်သည်။ အပျိုဖြန်းဘဝကျော်လွန်ပါက အုပ်လုံးသိမ်းကာ အိမ်ထောင်သည်ဖြစ်ပြီဆိုသော သင်္ကေတဟုဆိုသည်။

လက်ရှိကာလတွင် ပြိုင်ပွဲဝင်ဓာတ်ပုံဆရာများမှာ ဆံရစ်ဝိုင်းတို့ရွာ၊ ဆံထောက်နှမတို့ရွာသို့ ဓာတ်ပုံရိုက်ကူးရန် သွားရောက်မှုများပြားလျက်ရှိသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံဆရာများမှာ ဆံရစ်ဝိုင်းတို့ အလုပ်လုပ်ကိုင်ပုံနှင့် ပညာသင်ကြားပုံများနှင့် သဘာဝကျသော ဓလေ့တို့ကို ရိုက်ကူးကြသည်။ ထို့အတူပင် နာမည်ကျော်စကြာတောင်နောက်ခံနှင့် သဘာဝကျစွာသွားလာလုပ်ကိုင်မှုများကိုပါ စိတ်ဝင်တစား ဓာတ်ပုံရိုက်ကူးကြသည်။ နွားထိုးကြီးမြို့နယ် ခံစပ်ကုန်းရွာမှာ ဆံထောက်နှမတို့ရွာ၊ ဆံရစ်ဝိုင်းတို့ရွာအဖြစ် ပြိုင်ပွဲဝင်ဓာတ်ပုံဆရာများ စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

**(တိမ်တမန်)**

# ရွှေလျားတီဘီရောဂါရှာဖွေရေးအဖွဲ့မှ ကျေးရွာများသို့ ကွင်းဆင်းရှာဖွေကုသ

**ခင်ဦး ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးမှ ဒေါက်တာအောင်ကျော်စိုးနှင့် ဓာတ်မှန်ဆရာဒေါက်တာမျိုးမင်းစိုးတို့ ဦးဆောင်သော ရွှေ့လျားတီဘီရောဂါ ကွင်းဆင်းရှာဖွေရေးအဖွဲ့တို့သည် ခင်ဦးမြို့နယ် တီဘီလူနာများအား ဒီဇင်ဘာ ၂၁ ရက်မှ ၂၄ ရက်ထိ ကျေးလက်ကျန်းမာရေးဌာနသုံးခုနှင့် တိုက်နယ်ဆေးရုံတစ်ရုံတို့သို့ သွားရောက်ပြီး ရောဂါရှာဖွေ ကုသပေးခဲ့သည်။

တီဘီရောဂါ ရှာဖွေရာတွင် ရင်ဘတ်ဓာတ်မှန်ကူးခြင်း၊ သလိပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး တစ်ရက်လျှင် ပျမ်းမျှတီဘီသံသယရှိသူ ၁၅၀ နှုန်းခန့်ရှိကြောင်း ဓာတ်မှန်တွင် တီဘီအနာနှင့် သလိပ်တွင် တီဘီပိုးတွေ့ရှိပါက ချက်ချင်းတီဘီဆေးတိုက်ကျွေး ကုသခဲ့ကြောင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် မြင်းဒေါင်းကျေးရွာ၊ ၂၂ ရက်နေ့တွင် ညောင်ပင်ကြီးစုကျေးရွာ၊ ၂၃ ရက်တွင် ပေါင်းလှဲကုန်းကျေးရွာ၊ ၂၄ ရက်တွင် ရွာစဉ်ကျေးရွာတို့သို့ သွားရောက်ပြီး ရောဂါရှာဖွေ ကုသပေးခဲ့ကြောင်း ဒေါက်တာအောင်ကျော်စိုးက ပြောသည်။

**(ခင်ဦးစိုးဝေ)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသက်ကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

# ခရစ္စမတ်ကာလအတွင်း ရိဒ်ရေကန်သို့ လာရောက်လည်ပတ်သူများပြား

**ရိဒ်ခေါဒါရ်   ဒီဇင်ဘာ ၂၅**

ချင်းပြည်နယ်၏ အထင်ကရတစ်ခုနှင့် ပင်လယ်ရေမျက်နှာပြင်အထက် ၂၉၆၆ ပေ အမြင့်တွင် သဘာဝအတိုင်းဖြစ်ပေါ်သည့် အသည်းနှလုံးပုံသဏ္ဌာန် ရိဒ်ရေကန်သို့ ယခုနှစ် ခရစ္စမတ်ကာလအတွင်း ပြည်တွင်းပြည်ပမှ လာရောက်လည်ပတ်သည့် ဧည့်သည်များ များပြားလျက်ရှိကြောင်း သိရသည်။

ရိဒ်ရေကန်သို့လေ့လာကြည့်ရှုခြင်းဖြင့် လာရောက်လည်ပတ်သူအများစုမှာ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ရှိ မီဇိုးကျောင်းသားများဖြစ်ကြပြီး မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့လည်း လာရောက်လေ့လာကြကြောင်း၊ လာရောက်လည်ပတ်သူများမှာ အပန်းဖြေနားနေရန် အစုအဖွဲ့လိုက်ဖြင့်သော်လည်းကောင်း၊ အသင်းအဖွဲ့ဖြင့်သော်လည်းကောင်း၊ ဘာသာရေးအသင်းအဖွဲ့ဖြင့်သော်လည်းကောင်း လာရောက်လည်ပတ်သူများဖြစ်ကြကြောင်း၊ ခရစ္စမတ်ကာလအတွင်း ရိဒ်ရေကန်ရှိရေများသည် နှစ်စဉ်အစဉ်အလာမပျက် ရေနောက်ချိန်ဖြစ်ပြီး ယင်းရေနောက်ချိန်တွင် ရိဒ်ရေကန်၏ ထူးခြားမှု လက္ခဏာတစ်ခုဖြစ်ကြောင်း၊ ရေနောက်ချိန်သည် နှစ်အလိုက်ကွာခြားမှုရှိပြီး အများအားဖြင့် တစ်ပတ်၊ နှစ်ပတ်ကြာ ရေနောက်လေ့ရှိကြောင်း ဒေသခံ ဦးပက်ကာက ပြောသည်။

"ရိဒ်ရေကန်ကို နာမည်သာ ကြားဖူးတာ၊ ဒီဒေသကို မရောက်ဖူးလို့စိတ်ဝင်စားပြီး အလည်လာခဲ့တာပါ။ အခု ရိဒ်ရေကန်ကိုရောက်တော့ ထင်တာထက်တောင် ထူးခြားတယ်။ တောင်ကုန်းပေါ်မှာ နှစ်မိုင်ခွဲပတ်လည်လောက် အသည်းနှလုံးပုံစံလို အမှန်တကယ်တည်ရှိတာ အံ့သြစရာပဲ။ ရေနောက်တာကလည်းရဲနေအောင် နောက်နေတာပဲ။ ရာသီဥတုလည်း သာယာတယ်။ စိတ်လည်းချမ်းသာတယ်။ ပျော်စရာလည်း ကောင်းပါတယ်"ဟု ရိဒ်ရေကန်သို့ မြေပြန့်ပိုင်းမှလာရောက်လေ့လာလည်ပတ်သူတစ်ဦးက ပြောသည်။

"ကျွန်တော်ဆိုရင် ပွင့်လင်းရာသီကာလ အထူးသဖြင့် သင်္ကြန်တို့၊ ခရစ္စမတ်တို့၊ နှစ်သစ်တို့စတဲ့ ကာလတွေမှာ အပန်းဖြေရင်း ခရီးသွားတာကြိုက်တယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အထင်ကရဒေသတော်တော်များများကို ရောက်ခဲ့ပါတယ်။ အခုရိဒ်ရေကန်ကိုတော့ ပထမအကြိမ်ရောက်လာတာပါ။ ချင်းတောင်ဆိုတော့ လမ်းခရီးလည်းကြမ်းမယ်။ လူလည်းပင်ပန်းမယ်လို့ စိတ်ထဲမှာထင်ခဲ့တာ။ အခုတော့ ကိုယ်တိုင်ကြုံမှ ထင်တာထက် တခြားစီပါပဲ။ လမ်းလည်းကောင်းတယ်။ လူလည်းမပင်ပန်းပါဘူး။ အစစအရာရာ အဆင်ပြေတယ်။ ရိဒ်ရေကန်ရောက်တော့လည်း စိတ်ရွှင်လန်းတယ်။ နောက်တစ်ခါ အခွင့်ထပ်ကြုံရင် အရောက်လာဦးမယ်"ဟု ရိဒ်ရေကန်သို့လာရောက်လည်ပတ်သူ ခရီးသွားဧည့်သည်တစ်ဦးက ဆက်လက်ပြောပြသည်။

ရိဒ်ရေကန်ကို ပြည်မ မန္တလေးမှ ဟားခါး- ဖလမ်း- ရိဒ်ခေါဒါရ်ကားလမ်းအတိုင်းသော်လည်းကောင်း၊ မန္တလေးမှ ကလေး-တီးတိန်-ရိဒ်ခေါဒါရ်ကားလမ်းအတိုင်းသော်လည်းကောင်း သွားလာနိုင်ပြီး ယခုအခါတွင် ချင်းတောင်ပြေးဆွဲသည့်ဂျစ်ကားများသာမက ဇိမ်ခံကားလေးများပါ သွားလာနိုင်သဖြင့် ရိဒ်ရေကန်အရောက်သွားရန် မခက်ခဲတော့ကြောင်း၊ ယခုနှစ်လာရောက်လည်ပတ်သူဦးရေသည် ယခင်နှစ်များထက် ပိုမိုများပြားပြီး ညအိပ်၍ လာရောက်လည်ပတ်သူများရှိသလို နေ့ချင်းပြန်ခရီးဖြင့်လည်း လာရောက်ကြရာ ရိဒ်ရေကန် အနီးအနားရှိ တည်းခိုခန်းများတွင် ညအိပ်ဧည့်သည်များပြည့်နှက်နေသဖြင့် ရိဒ်ခေါဒါရ်မြို့တွင်းရှိ လူနေအိမ်များ၌ပါ တည်းခိုကြကြောင်း၊ ရိဒ်ရေကန်သို့ လာရောက်လည်ပတ်သူ တစ်နေ့ပျမ်းမျှ မော်တော်ကားအစီးရေ ၂၀ ကျော်ရှိပြီး ရိဒ်ရေကန်အနီးအနားတစ်ဝိုက်တွင် လူစည်ကားလျက်ရှိကြောင်း သိရသည်။ **(ဇိုဟေဆာ)**

### ❖ ရခိုင်ပြည်နယ်မှ

ထို့နောက် ဒုတိယပိုင်းအခမ်းအနား အစီအစဉ်အား မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်က အမှာစကား ပြောကြားရာတွင် မာန်အောင်(စမုံတဲ)လေယာဉ်ကွင်းကို ၁၉၆၉ ခုနှစ်ခန့်က ဒါကိုတာလေယာဉ်ကွင်းအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး မြက်ခင်းကွင်းအဖြစ် တည်ဆောက်အသုံးပြုခဲ့ကြောင်း၊ ၁၉၇၉ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ နွေရာသီ ပွင့်လင်းရာသီများတွင် တွင်အော်တာလေယာဉ်ငယ်များနှင့် တစ်ပတ်နှစ်ကြိမ် ဆင်းသက်ခဲ့ပါကြောင်း၊ ၁၉၈၃-၁၉၈၄ ခု ဘဏ္ဍာရေးနှစ်မှစတင်၍ တွင်အော်တာလေယာဉ်များ ရာသီမရွေးဆင်းသက်နိုင်ရေးအတွက် ပေ ၂၀၀၀ အရှည် ကတ္တရာကွင်းအဖြစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဖော်ကာ အက်-၂၇ လေယာဉ် ဆင်းသက်နိုင်ရန်အလျားပေ ၄၀၀၀ ရရှိသည်အထိ တိုးချဲ့ခဲ့ရာ အလျားပေ ၃၇၀၀ အထိသာ ကျောက်ကတ္တရာခင်းခြင်း ပြီးစီးခဲ့ပါကြောင်း၊ သို့ရာတွင် လေယာဉ်ပြေးလမ်းသည် ရာသီဥတုဒဏ်၊ပြေးလမ်းကိုပြုပြင်မွမ်းမံမှုဆောင်ရွက်နိုင်ခြင်းကြောင့် ကတ္တရာသားမရှိဘဲ ကျောက်စများ ဖွာထွက်ခြင်း၊ လျှည်းလမ်း ကြောင်းများ၊ ရေအိုင်များဖြစ်ပေါ်လျက်ရှိခြင်း၊ သစ်ပင်ချုံနွယ်များ ပေါက်ရောက်နေခြင်းတို့ကြောင့် လေယာဉ်ဆင်းတက်မှု ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃ ရက်မှ စတင်ပြီး လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရတို့ ပူးပေါင်းညှိနှိုင်းမှုဖြင့် လေယာဉ်ပြေးလမ်းသစ် တည်ဆောက်မည့် တင်ဒါစိစစ်ရွေးချယ်မှုကို ဆောင်ရွက်ခဲ့ရာ ခိုင်မာသော ပန်းတိုင်ဆောက်လုပ်ရေးကုမ္ပဏီမှ တင်ဒါအောင်မြင်ခဲ့ပြီး လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ မာန်အောင် (စမုံတဲ)လေယာဉ်ကွင်းကို လေယာဉ်ပြေးလမ်း ပေ(၄၀၀၀×၁၀၀)၊ လေယာဉ်ရပ်နားနေရာ ပေ (၃၀၀×၁၀၀)၊ လေယာဉ်ကွေ့ရန်နေရာနှင့် လေယာဉ်အရှိန်သတ်စွန်းပေ (၂၀၀×၁၀၀)တို့ကို ကျောက်ကတ္တရာလမ်း တည်ဆောက်ပေးနိုင်ခဲ့ပြီး လေဆိပ်အဆောက်အအုံ ပေ (၈၀×၆၀) Steel Structure တစ်ထပ်အဆောက်အအုံနှင့် လေဆိပ်အဝင်လမ်း တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ ရာသီမရွေးခရီးသည်တင်လေယာဉ်ကြီးများ ဆင်းတက်နိုင်ရန်အတွက် လေယာဉ်ပြေးလမ်းကို နောက်ထပ် ပေ ၃၀၀၀ ထပ်မံတိုးချဲ့တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ မာန်အောင်မြို့သည် ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသတစ်ခုဖြစ်ခဲ့ရာမှ ယခုတည်ဆောက်ပြီးစီးနေပြီဖြစ်သည့် မာန်အောင်လေယာဉ်ကွင်းကို အခြေခံ၍ ပတ်ဝန်းကျင်ဒေသတစ်ခုလုံးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမှုနှင့် တစ်ပြေးညီ မိမိတို့၏ စီးပွားရေးနှင့် လူနေမှုဘဝမြင့်မားတိုးတက်လာအောင် ဒေသ၏ စီးပွားရေးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် ဆောင်ရွက်နေသည့်အဆင့်မှ စီးပွားဖြစ်ထုတ်လုပ်နိုင်သည်အထိ တိုးမြှင့်ဆောင်ရွက်သွားကြစေလိုကြောင်း၊ နိုင်ငံတော်အစိုးရ၏ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးအတွက် နိုင်ငံတော်မှ ရန်ပုံငွေမြောက်မြားစွာ အကုန်အကျခံတည်ဆောက်ပြီးစီးခဲ့သည့် မာန်အောင်လေယာဉ်ကွင်းကို ကြာရှည်တည်တံ့စေရန်နှင့် လေဆိပ်စိမ်းလန်းစိုပြည်ရေး၊ သာယာလှပစေရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် နယ်မြေခံပြည်သူလူထုများကလည်း ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးမြအောင်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်း၊ မာန်အောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်တို့က ဂုဏ်ပြုစကားများပြောကြားကြသည်။ ယင်းနောက် မာန်အောင်မြို့မှ မြို့မိမြို့ဖတစ်ဦးနှင့် မာန်အောင်အများပိုင်ကုမ္ပဏီ နာယကဦးတင်အုန်းတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ စိန့်ဖရန့်စစ်အစီစီဘုရားရှိခိုးကျောင်း၌ ခရစ္စမတ်နေ့ညက ရောင်စုံမီးများ ထွန်းညှိထားသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ခင်မောင်ဝင်း)



နေပြည်တော် ပျဉ်းမနား မြို့မနှစ်ခြင်းအသင်းတော် မေခန်းမ၌ကျင်းပသော ခရစ္စမတ်နေ့ အခမ်းအနားသို့ တက်ရောက်လာသူများအား တွေ့ရစဉ်။ (သတင်းစဉ်)



ခရစ္စမတ်နေ့အထိမ်းအမှတ် ကျောက်တံတားမြို့နယ် ဧမာနွေလဘုရားရှိခိုးကျောင်း၌ ဓမ္မတေးသီချင်း သီဆိုကြစဉ်။ (ဓာတ်ပုံ-ခင်မောင်ဝင်း)



လားရှိုးမြို့ ရပ်ကွက်(၁)ရှိ ပင်မ'ဝ' နှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ၂၀၁၅ ခုနှစ် ခရစ္စမတ်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။ ဇာဏီအောင်(လားရှိုး)

# အမေရိကန်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ၁၄ ဦးသေ



**ဝါရှင်တန် ဒီဇင်ဘာ ၂၅**

အမေရိကန်နိုင်ငံတောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းပြည်နယ်များ၌ ဆောင်းရာသီတွင် ရှားရှားပါးပါးဖြစ်ပေါ်သည့် လေဆင်နှာမောင်းတိုက်ခတ်မှုများကြောင့် အနည်းဆုံး ၁၄ ဦးသေဆုံးပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။ မတည်ငြိမ်သော ကမ္ဘာ့လေထုအခြေအနေများကြောင့် ဒီဇင်ဘာ ၂၃ ရက်ကတည်းက အီလီနွိုက်ပြည်နယ်အပါအဝင် အမေရိကန်ပြည်နယ်ခုနစ်ခုတွင် လေဆင်နှာမောင်းတိုက်ခတ်မှု ၂၄ ကြိမ်ဖြစ်ပွားခဲ့သည်။

မစ္စစ္စပီပြည်နယ်တွင်ဖြစ်ပွားခဲ့သော လေဆင်နှာမောင်းတစ်ခုသည် ပျက်စီးမှုဧရိယာ ကီလိုမီတာ ၁၆၀ ကျယ်ဝန်းပြီး လူနေအိမ်များနှင့် ထရပ်ကားများ လွင့်ပါပျက်စီးသွားခဲ့သည်။ အပျက်အစီးများကြား ပျောက်ဆုံးနေသူများကို ရှာဖွေလျက်ရှိသည်။

အမေရိကန်နိုင်ငံတွင် လေဆင်နှာမောင်းတိုက်ခတ်မှုများသည် ပုံမှန်အားဖြင့် နွေဦးရာသီတွင်ဖြစ်ပွားလေ့ရှိသည်။ သို့သော်လည်း ယခုနှစ်ဆောင်းရာသီတွင် အမေရိကန်နိုင်ငံတစ်ဝန်း၌ အပူချိန်များမြင့်တက်နေပြီး တောင်ဘက်မှလေပူများ တိုက်ခတ်လျက်ရှိသည်။ အဆိုပါ သဘာဝဘေးအန္တရာယ်ကြောင့် လူအများ၏ ခရစ္စမတ်အစီအစဉ်များ ပျက်စီးသွားခဲ့ရသည်။

**အင်န်အိတ်ချ်ကေ။**




# အိန္ဒိယဝန်ကြီးချုပ် မိုဒီ အာဖဂန်မြို့တော် ကဘူးသို့ ရောက်ရှိ ပါလီမန်အဆောက်အအုံသစ်ဖွင့်ပွဲ တက်ရောက်မည်

**ကဘူး ဒီဇင်ဘာ ၂၅**

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီသည် အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးသို့ ဒီဇင်ဘာ ၂၅ ရက် နံနက်တွင် ရောက်ရှိလာသည်။ ဝန်ကြီးချုပ် မိုဒီသည် အိန္ဒိယ နိုင်ငံက တည်ဆောက်ပေးခဲ့သော ပါလီမန်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ်၏ အာဖဂန်နစ္စတန် ခရီးစဉ်မှာ တစ်ရက်သာကြာမြင့်မည်ဖြစ်ပြီး လုံခြုံရေးအခြေအနေအရ တရားဝင်ထုတ်ပြန်ကြေညာခြင်း မရှိပေ။ မိုဒီသည် ဝန်ကြီးချုပ်ရာထူး တာဝန်ယူခဲ့ပြီးချိန်နောက်ပိုင်း အာဖဂန်နစ္စတန်နိုင်ငံသို့ ပထမဆုံးအကြိမ်ရောက်ရှိလာခြင်း ဖြစ်သည်။

ဝန်ကြီးချုပ်မိုဒီသည် ရုရှားနိုင်ငံသို့ နှစ်ရက်ကြာသွားရောက်ခဲ့ပြီး မော်စကိုမြို့တော်မှ ကဘူးမြို့သို့ ဆက်လက်ထွက်ခွာခဲ့သည်။

ဝန်ကြီးချုပ်မိုဒီသည် အာဖဂန်ပါလီမန်သစ်၌ ကျင်းပမည့်လွှတ်တော်နှစ်ရပ်ပေါင်း စုံညီအစည်းအဝေးသို့ သမ္မတအာရှတ်ဂါနီနှင့်အတူ တက်ရောက်ကာ မိန့်ခွန်းပြောကြားရန် စီစဉ်ထားသည်။

ပါလီမန်အဆောက်အအုံသစ်ကို စစ်ပြီးခေတ်လွန်ကာလ နှစ်နိုင်ငံရင်းနှီးချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုပြယုဂ်တစ်ရပ်အဖြစ် အိန္ဒိယနိုင်ငံက ၂၀၀၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။

ဝန်ကြီးချုပ်မိုဒီသည် သမ္မတဂါနီ၊ အမှုဆောင်အရာရှိချုပ် ဒေါက်တာ အဗ္ဗဒူလာ အဗ္ဗဒူလာနှင့် သမ္မတဟောင်း ဟာမစ်ကာဇိုင်းတို့နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း သတင်းတွင်ဖော်ပြသည်။

**ရိုက်တာ။**

# နှစ် ၂၀၀၀ သက်တမ်းရှိတရုတ်သင်္ချိုင်းအတွင်းမှ ရွှေဒင်္ဂါးပြား ၁၀၀ နီးပါးတွေ့ရှိ

**နန်ချန် ဒီဇင်ဘာ ၂၅**

အနောက်ပိုင်းဟန်မင်းဆက် (ဘီစီ ၂၀၆ - အေဒီ ၂၄) ခေတ် မင်းမျိုးမင်းနွယ်ဝင်တစ်ဦး၏ အုတ်ဂူတစ်ခုအတွင်းမှ ရွှေဒင်္ဂါးပြား ၉၆ ပြား ထပ်မံတွေ့ရှိမှုနှင့်အတူ စုစုပေါင်း ရွှေဒင်္ဂါးပြား ၂၈၅ ပြားထိ ဒီဇင်ဘာ ၂၄ ရက်တွင် တူးဖော်ရရှိခဲ့ကြောင်း သိရသည်။

ယင်းတွေ့ရှိမှုမှာ ဟန်မင်းဆက် အုတ်ဂူတစ်ခုအတွင်းမှ ရွှေဒင်္ဂါးပြားများ အများဆုံးတွေ့ရှိခြင်းဖြစ်ကြောင်း တူးဖော်ရေးအဖွဲ့အကြီးအကဲ ရှင်းလိရှန်းက ပြောကြားသည်။ အဆိုပါ ရွှေဒင်္ဂါးပြားများကို တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်စီပြည်နယ်မြို့တော် နန်ချန်၏ မှူးမတ်အဆင့်ရှိသူ အင်ပါယာဘုရင်၏မြေးတော်စပ်သူ လျိုဟီး၏ အုတ်ဂူမှ တူးဖော်ရရှိခြင်းဖြစ်သည်။ ရွှေဒင်္ဂါးပြားများမှာ တစ်ပြားလျှင် ၂၅၀ ဂရမ်စီ အလေးချိန်ရှိပြီး အစောပိုင်းကတွေ့ရှိခဲ့သည့် ရွှေဒင်္ဂါးပြား ၁၈၉ ပြားနှင့် အလေးချိန် အတူတူပင်ဖြစ်ကြောင်း တူးဖော်ရေးအဖွဲ့ခေါင်းဆောင် ရန်ဂျန်က ပြောကြားသည်။ ရွှေဒင်္ဂါးပြားများမှာ အင်ပါယာဘုရင်က မှူးမတ်များသို့ ဆုချီးမြှင့်ခဲ့ခြင်းဖြစ်ပုံပေါ်ကြောင်း ရန်က ဆိုသည်။ သုတေသီများသည် အနောက်ပိုင်း ဟန်မင်းဆက်သင်္ချိုင်းဟုလူသိများသည့် ဟိုင်ဟွန်ဟော်သင်္ချိုင်းရှိ အုတ်ဂူ၏ အဓိကကျသောအခန်းမှ တစ်ဆင့် လုပ်ငန်းများဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်။

အဆိုပါသင်္ချိုင်းမှာ စတုရန်းမီတာ ၄၀,၀၀၀ ကျယ်ဝန်းပြီး အုတ်ဂူရှစ်ဂူနှင့် နှစ်ဘီးတပ်စစ်ရထားဆွဲသည့်မြင်းများအတွက် မြေမြှုပ်သင်္ဂြိုဟ်ရာနေရာတစ်ခုပါရှိသည်။ ၂၇ ရက်မျှသာ နန်းစံ၍ အင်ပါယာဘုရင်အဖြစ်မှ နန်းချခံရသော်လည်း လျိုဟီးမှာ "ဟိုင်ဟွန်ဟော်" ဘွဲ့ချီးမြှင့်ခြင်းခံခဲ့ရသည်။ ဟိုင်ဟွန်မှာ ကျန်စီပြည်နယ်မြောက်ပိုင်းရှိ အလွန်သေးငယ်သော ဘုရင့်နိုင်ငံတစ်ခု၏ ရှေးခေတ်အမည်ဖြစ်သည်။ သင်္ချိုင်းတူးဖော်မှုလုပ်ငန်းကို ၂၀၁၁ ခုနှစ်တွင်စတင်ခဲ့ပြီး ယခုချိန်ထိ တူးဖော်ရရှိခဲ့သော ရှေးခေတ်လူ့အသုံးအဆောင် ပစ္စည်းများတွင် ကွန်ဖြူးရှပ်ပုံတူတစ်ခု၊ သစ်သားပြား ၃၀၀၀ ခန့်အပါအဝင် ဝါးအတိုအစများနှင့် မြောက်မြားလှစွာသော ကြေး၊ ရွှေနှင့် ကျောက်စိမ်းပစ္စည်းများ ပါဝင်သည်။

**ဆင်ဟွာ။**

# ဆောင်ကြာမြိုင်မယ်များအဖြစ် စေခိုင်းခံခဲ့ရသူများအတွက် ရန်ပုံငွေထူထောင်ပေးရန် ဂျပန်အဆိုပြုမည်

**တိုကျို ဒီဇင်ဘာ ၂၅**

စစ်ကာလအတွင်း ကိုရီးယားအမျိုးသမီးများအား ဆောင်ကြာမြိုင်မယ်များအဖြစ် အဓမ္မစေခိုင်းခဲ့မှုနှင့် ပတ်သက်၍ နှစ်နိုင်ငံဆက်ဆံရေး ထိခိုက်ခဲ့ရမှုကို ပြုပြင်ဖာထေးနိုင်ရေးအတွက် အဆိုပါအမျိုးသမီးများ၏ လူမှုဘဝကို ကူညီနိုင်ရန် ရန်ပုံငွေတစ်ရပ်ထူထောင်ပေးမည်ဟု ဂျပန်အစိုးရက အဆိုပြုရန် စီစဉ်ထားကြောင်း နီကေးစီးပွားရေးနေ့စဉ်သတင်းစာက ဒီဇင်ဘာ ၂၅ ရက်တွင် ရေးသားဖော်ပြသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမိအိုကိုင်ရှီဒါသည် တောင်ကိုရီးယားနိုင်ငံသို့ ဒီဇင်ဘာ ၂၄ ရက်တွင် သွားရောက်ခဲ့သည်။

စစ်ကာလအတွင်းက ဂျပန် စစ်သည်များအား ပျော်တော်ဆက်ရန် ဆောင်ကြာမြိုင်မယ်များအဖြစ် အဓမ္မစေခိုင်းခံခဲ့ရသော ကိုရီးယားမိန်းကလေးများနှင့် အမျိုးသမီးများ အရေးနှင့် ပတ်သက်၍ ကိုင်ရှီဒါသည် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ယွန်ဗျောင်ဆေးနှင့် ဒီဇင်ဘာ ၂၈ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သတင်းစာတွင် ရေးသားဖော်ပြသည်။

နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ၏ ဆွေးနွေးပွဲနှင့် ပတ်သက်၍ အစိုးရပြောရေးဆိုခွင့်ရှိသူများက အတည်ပြုပြောကြားနိုင်ခြင်းမရှိပေ။

ဆောင်ကြာမြိုင်မယ် ဖြစ်ခဲ့ရသူများအား အကူအညီပေးမည့် ရန်ပုံငွေမှာ ယန်းသန်း ၁၀၀ ကျော် (အမေရိကန်ဒေါ်လာ ၈၃၁၈၇၇ ဒေါ်လာ)ဖြစ်ပြီး ၁၀ နှစ်တာ ကာလပတ်လုံး ထောက်ပံ့ပေးရန် ဂျပန်အစိုးရက အဆိုပြုမည်ဖြစ်ကြောင်း နီကေးသတင်းစာက အစိုးရတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်ကို ကိုးကား၍ ရေးသားဖော်ပြသည်။

**ရိုက်တာ။**



# ကိုလံဘီယာ၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးခေါင်၊ ခရစ္စမတ်ပွဲတော် ရောင်စုံမီးထွန်းညှိနိုင်ခြင်းမရှိ

**ဘိုဂိုတာ ဒီဇင်ဘာ ၂၅**

ကိုလံဘီယာနိုင်ငံ၌ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်၏ အကျိုးသက်ရောက်မှုကြောင့် မိုးခေါင်လျက်ရှိရာ ယခုနှစ်၏ ခရစ္စမတ်ပွဲတော်အတွက် ရောင်စုံမီးများ ထွန်းညှိနိုင်ခြင်း မရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

မိုးခေါင်မှုပြင်းထန်ပါက ရေလှောင်တမံများ ရေခန်းခြောက်မှုဖြစ်ပေါ်မည်ကို တာဝန်ရှိသူများက စိုးရိမ်ပူပန်လျက်ရှိသည်။ ကိုလံဘီယာနိုင်ငံရှိ မြို့ကြီး ၂၃၈ မြို့တွင် လျှပ်စစ်ဓာတ်အားကို ခွဲတမ်းချကာ ဖြန့်ဖြူးပေးနေရသည်။

ပြည်သူများ ရေသုံးစွဲမှု ချွေတာရန် သမ္မတ ယွန်မင်နျူယယ်ဆန်တို့စ်က တိုက်တွန်းခဲ့သည်။

လျှပ်စစ်နှင့်ရေသုံးစွဲမှုကို လျှော့ချလိုက်ရသဖြင့် ပြည်သူများမှာ ခရစ္စမတ်ပွဲတော်ကာလ ရောင်စုံမီးများ ထွန်းညှိနိုင်ခြင်း မရှိပေ။ တောင်အမေရိကတိုက်ရှိ ကိုလံဘီယာနိုင်ငံသည် ရိုမန်ကက်သလစ် ဘာသာဝင်များ နေထိုင်ရာ နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ပြည်သူပိုင် အဆောက်အအုံများ၌ ရောင်စုံမီးထွန်းညှိခြင်းမပြုရန် အစိုးရအဖွဲ့က ဆုံးဖြတ်ခဲ့သည်။ ဈေးဆိုင်ငယ်များကမူ အစိုးရအဖွဲ့၏ တိုက်တွန်းချက်နှင့်အညီ ရောင်စုံမီးထွန်းညှိမှုကို လျှော့ချပြုလုပ်ခဲ့ကြသည်။ **ရိုက်တာ။**

ပြည်တွင်းရေးရာ

# ပြင်ဦးလွင် ဒီဇင်ဘာမွေးမြူရေးခြံ၌ မွေးမြူရေးဆိုင်ရာပြပွဲနှင့် အိမ်မွေးတိရစ္ဆာန်ပြပွဲ ပြိုင်ပွဲကျင်းပ

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် အိမ်မွေးတိရစ္ဆာန်မွေးမြူသူများအသင်းတို့ ပူးပေါင်းကျင်းပသည့် (၁၁)ကြိမ်မြောက် မွေးမြူရေးဆိုင်ရာပြပွဲနှင့် (၅) ကြိမ်မြောက် အိမ်မွေးတိရစ္ဆာန်ပြပွဲ ပြိုင်ပွဲကို ဒီဇင်ဘာ ၂၅ ရက်မှ ၂၆ ရက်အထိ ပြင်ဦးလွင်မြို့ရှိ ဒီဇင်ဘာ မွေးမြူရေးခြံ၌ ကျင်းပလျက်ရှိကြောင်း သိရသည်။

"အဓိကကတော့ မွေးမြူရေးဆိုင်ရာ ဆေးဝါးတွေ၊ အသုံးအဆောင်ပစ္စည်းတွေ၊ နောက်ပြီး အိမ်မွေးတိရစ္ဆာန်အသုံးအဆောင်ပစ္စည်းတွေကို တစ်နေရာတည်းမှာ အလွယ်တကူကြည့်ရှုနိုင်ဖို့ရယ်၊ ကုမ္ပဏီတွေနဲ့ မွေးမြူရေးလုပ်ငန်းရှင်တွေအနေနဲ့လည်း တစ်နေရာတည်းမှာ တွေ့ဆုံနိုင်တဲ့ပွဲဖြစ်ပါတယ်။ ပြိုင်ပွဲဝင်တိရစ္ဆာန်တွေအနေနဲ့ ဘယ်လိုပြိုင်ပွဲတွေမှာ ဝင်ရတယ်။ ပြီးတော့ နိုင်ငံတကာအတွေ့အကြုံလည်း ရအောင်ပါ။ နောက်တစ်ခုက အိမ်မွေးတိရစ္ဆာန်မွေးမြူသူတွေအနေနဲ့ ဒီပြိုင်ပွဲမှာယှဉ်ပြိုင်ပြီးတော့ ဆုရရှိခဲ့တယ်ဆိုရင် သူရဲ့မျိုးရိုးဟာလည်း ဈေးကွက်မှာနာမည်ရတဲ့ မျိုးရိုးဖြစ်လာမယ်။ သူတို့အတွက်လည်း အကျိုးစီးပွားဖြစ်နိုင်ပါတယ်"ဟု ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြပွဲတိရစ္ဆာန်ပြိုင်ပွဲတွင် ခွေးအုပ်စုမျိုးစုံမှာပြိုင်ပွဲဝင် အိမ်မွေးခွေး ၅၉ ကောင်တို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ကျန်းမာရေးစစ်ဆေးမှုနဲ့ ပတ်သက်ပြီး ပြိုင်ပွဲဝင်တဲ့ တိရစ္ဆာန်တွေက ခွေးအမျိုးအစားအုပ်စုအလိုက် ပြိုင်ပွဲဝင်တာဖြစ်ပါတယ်။ အဲဒီလိုပြိုင်ပွဲဝင်တဲ့အတွက်ကြောင့် ခွေးတွေရဲ့ အမျိုးအစားအလိုက် ရှိသင့်ရှိထိုက်တဲ့ အလေးချိန်တို့၊ ဝိတ်တန်းတို့၊ သူတို့ရဲ့ ပုံသဏ္ဌာန်တို့နဲ့ ကိုက်ညီမှုတွေကို ကျွန်တော်တို့ စစ်ဆေးနေပါတယ်။

နောက်ပြီးခွေးတွေမှာ ကူးစက်ရောဂါကာကွယ်ဆေးတွေထိုးနှံခြင်း ရှိ၊ မရှိ အရေပြားရောဂါ ရှိ၊ မရှိ ဆိုတာလည်း စစ်ဆေးပါတယ်။ ခွေးရဲ့ပုံသဏ္ဌာန်က ဖျတ်ဖျတ်လတ်လတ်နဲ့ ကောင်းကောင်းမွန်မွန်ရှိရမယ်။ စတဲ့အချက်တွေနဲ့ ကျွန်တော်တို့ အဓိကထားစစ်ဆေးပါတယ်"ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါက်တာရန်နိုင်စိုးက ပြောသည်။

အိမ်မွေးတိရစ္ဆာန်ခွေးပြပွဲ ပြိုင်ပွဲများတွင် မလေးရှားနိုင်ငံမှ နိုင်ငံတကာအသိအမှတ်ပြု ဒိုင်သူကြီးတစ်ဦးက အကဲဖြတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလှမွေးခွေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် လေ့ကျင့်ပြင်ဆင်ထားပုံနဲ့ ပတ်သက်ပြီး အိမ်မွေးခွေးပိုင်ရှင်တစ်ဦးက ကျွန်တော့်အနေနဲ့ ဝါသနာအရ မွေးမြူတာပါ။ စီးပွားဖြစ်တော့မဟုတ်ပါဘူး။ ဒါပေမယ့် သူတို့ကို ကောင်းကောင်းထားမယ်၊ ကောင်းကောင်းကျွေးမယ်။ ဒီပြိုင်ပွဲမှာပဲ ပထမဦးဆုံးအကြိမ် ဝင်ပြိုင်ဖူးပါတယ်။ အိမ်မှာတော့ မွေးမြူထားတဲ့ ခွေးငါးကောင်ရှိပါတယ်။ အဲဒီထဲမှာ အလှဆုံးလို့ ယူဆရတဲ့ခွေးကို ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဒီခွေးက အလှသက်သက်ပဲ။ မျိုးရိုးကောင်းတဲ့အတွက် ခန္ဓာကိုယ်အချိုးအစားလှပမှုနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**



အိမ်မွေးခွေးတစ်ကောင် ပြိုင်ပွဲဝင်နေစဉ်။ (ဓာတ်ပုံ - MRTV)

# ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးနိုင်ရန် တောင်သူအကျိုးပြုလယ်ယာမြေ ၁၁၇၉၇ ဧကကို အခမဲ့ ထွန်ယက်ဖော်ထုတ်ပေးလျက်ရှိ

**ကလေး ဒီဇင်ဘာ ၂၅**

မိုးများ၍ ရေကြီးရေလျှံဖြစ်ခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်အတွင်း ပျက်စီးသွားသော လယ်ယာမြေများကို တောင်သူအကျိုးပြု စနစ်ကျလယ်ယာမြေ ၁၁၇၉၇ ဧကကို ဆောင်းသီးနှံစိုက်ပျိုးနိုင်ရန် အခမဲ့ထွန်ယက်ဖော်ထုတ်ပေးလျက်ရှိကြောင်း ကလေးခရိုင် စက်မှုလယ်ယာဦးစီးမှူး ဦးကျော်ကျော်ဦးထံမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးမှူး ဦးရွှေဝင်းဦးစီးပြီး ကလေးခရိုင် ကလေးမြို့နယ်အပြင် အခြားမြို့နယ်စက်မှုလယ်ယာဦးစီးဌာနဝန်ထမ်းတွေစုပေါင်းပြီး ကလေးရေဘေးမှာဆုံးရှုံးခဲ့တဲ့ လယ်ယာမြေတွေကို စက်အင်အား၊ လူအင်အားတွေအသုံးပြုပြီး ပြန်လည်ဖော်ထုတ်ခဲ့ပါတယ်။ ဖော်ထုတ်ပြီးမြေကို တောင်သူအကျိုးပြုစနစ်ကျလယ်ယာမြေဖြစ်အောင် ထွန်ယက်ခဲ့ရာ မိုးသီးနှံစိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ ဆောင်းသီးနှံစိုက်နိုင်အောင် မြေညှိပေးနေပါတယ်"ဟု ဦးကျော်ကျော်ဦးက ပြောသည်။

၂၀၁၅ ခုနှစ်အတွင်း မိုးကြီး၍ ရေကြီးရေလျှံမှုများဖြစ်ခဲ့ရာက လေးမြို့နယ်တွင် ဩဂုတ်လအတွင်း ရေပြန်ကျချိန်မှစတင်၍စက်မှုလယ်ယာဦးစီးဌာနဝန်ထမ်းများစုပေါင်းဆောင်ရွက်ခဲ့ကြရာ ကလေးမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးနိုင်ရန်အတွက် ၆၃၇ ဧကကို စနစ်ကျလယ်ယာမြေအဖြစ် ဖော်ထုတ်ထွန်ယက်ပေးခဲ့ကြောင်းသိရသည်။ ထို့နောက် ကလေးမြို့နယ်အတွင်း ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန်အတွက် စနစ်ကျလယ်ယာမြေ ၁၁၇၉၇ ဧကကို ဒီဇင်ဘာ ၁၃ ရက်အထိ ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ရေကြီးပြီးရေကျစဉ်ကာလက ကလေးမြို့နယ်အတွင်းရှိ ကျေးရွာသွားလမ်းများပေါ် တင်ကျန်ခဲ့သောရွှံ့ညွန်များကို စက်မှုလယ်ယာဝန်ထမ်းများက စက်အားကို အသုံးပြု၍ အချိန်ပြည့်ဆောင်ရွက်ပေးနိုင်ခဲ့သလို ရေကြီးနစ်မြုပ်သော လယ်ယာမြေ ၆၇၇ ဧကအတွင်းမှ သစ်တုန်းများကို ဖယ်ရှားပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါရေကြီးနစ်မြုပ်ခဲ့သည့် ကလေးဒေသသို့ စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန၏ ဦးစီးမှုဖြင့် ကောလင်း၊ ကသာ၊ ဆားလင်းကြီး၊ ယင်းမာပင်၊ ဘုတလင်၊ ချောင်းဦး၊ ဝက်လက်၊ ရေဦးစသည့်မြို့နယ်စက်မှုလယ်ယာထွန်စက်စခန်းများမှ ထွန်စက် ၉၅ စီးဖြင့် ထွန်ယက်၍ စနစ်ကျလယ်ယာမြေများကို ဖော်ထုတ်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# တိုင်းဒေသကြီးအဆင့် ထူးချွန်ဆရာဆုချီးမြှင့်

**ထားဝယ် ဒီဇင်ဘာ ၂၅**

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့ ၂၀၁၅ ခုနှစ် တိုင်းဒေသကြီးအဆင့် ထူးချွန်ဆရာဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ထားဝယ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ပထမဆုရ အထက(၃) ထားဝယ်အထက်တန်းပြဆရာမ ဒေါ်ရင်ရင်ဖြူ၊ အထက(၄)ထားဝယ် အလယ်တန်းပြဆရာမ ဒေါ်သူဇာအောင်၊ အထက-ပ၀ တနင်္သာရီမြို့နယ် မူလတန်းပြ ဆရာဦးမင်းပြည့်စိုးတို့အားလည်းကောင်း၊ တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးဝင်းဆွေက ဒုတိယဆုရရှိသော အထက ကံပေါက် ရေဖြူမြို့နယ် အထက်တန်းပြဆရာမ ဒေါ်ချောချောမိုးနှင့် အလယ်တန်းပြ ဆရာမ ဒေါ်နီလာဖွေး၊ အထက(၃) ထားဝယ် မူလတန်းပြဆရာမ ဒေါ်မြတ်မြတ်ရှိန်တို့အား လည်းကောင်း ဆုများ အသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဖြူးမြို့နယ်တွင် ဆောင်းရာသီစိုက် မတ်ပဲများ အောင်မြင်ဖြစ်ထွန်း မတ်ပဲမပေါ်သေးသော်လည်း ဈေးကောင်းပေး ကြိုတင်ဝယ်ယူလျက်ရှိ

**ဖြူး ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်ဖြစ်သည့် တောင်ငူ၊ ရေတာရှည်၊ ထန်းတပင်၊ အုတ်တွင်း၊ ကျောက်ကြီးမြို့နယ်များအတွင်း ဖြူးမြို့နယ်သည် မိုးစပါးနှင့် ဆောင်းသီးနှံပဲမျိုးစုံအများဆုံး စိုက်ပျိုးသောမြို့နယ်တစ်ခုဖြစ်သည်နှင့်အညီ ၂၀၁၅ ခုနှစ် မိုးရာသီတွင် မိုးစပါးစိုက်ဧက တစ်သိန်းခွဲကျော်နှင့် ဆောင်းရာသီစိုက်ပဲမျိုးစုံ ၁၁၇၅၈၉ ဧက စိုက်ပျိုးခဲ့ကြရာ ယင်းတို့အထဲတွင် မတ်ပဲစိုက်ဧကမှာ ၁၁၂၉၃၄ ဧကဖြစ်ပြီး



အများဆုံးစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ ယခုနှစ် စိုက်ပျိုးခဲ့ကြသည့် မိုးစပါးများမှာလည်း မိုးလယ်၊ မိုးနှောင်း၊ မိုးကောင်းခဲ့သဖြင့် စပါးအထွက်နှုန်းများလည်း တိုးတက်ထွက်ရှိခဲ့ကြသည်။ စပါးနှင့် ဆန်ဈေးများမှာ ယခင်နှစ်ကထက် ဈေးကောင်းရလျက်ရှိကြရာ ပျော့ထွန်း၊ ဆင်းသုခ၊ သုခ (၂) စပါးတင်း ၁၀၀ ငွေကျပ် ခြောက်သိန်းကျော်နှင့် တစ်တင်းခွဲဆန်တစ်အိတ် ငွေကျပ် ၂၂၀၀၀ ဈေးအထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဆောင်းရာသီစိုက် မတ်ပဲများမှာလည်း ရာသီအမီ မြေအစိုဓာတ်မဆုတ်ခင် နိုဝင်ဘာလထဲတွင် အပြီးစိုက်ပျိုးနိုင်ခဲ့ကြသဖြင့် ယခုအချိန်တွင် ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကိုတွေ့ရပြီး**(ဓါတ်ပုံ)** မတ်ပဲများမှာ လာမည့် မတ်လ ပထမပတ်မှ စတင်နုတ်သိမ်းရမည်ဖြစ်သော်လည်း ကုန်သည်ပွဲစားများက မတ်ပဲ တစ်တင်း ကျပ်ခြောက်သောင်းဖြင့် ကြိုတင်ဝယ်ယူလျက်ရှိနေသဖြင့် "ကျုပ်တို့လယ်သမားတွေအတွက် ဒီနှစ်ကတော့ စိတ်ချမ်းသာရလောက်အောင် စပါးဈေး၊ ဆန်ဈေးတွေကလဲကောင်း၊ အခုမတ်ပဲဈေးကလည်း မပေါ်ခင်ထဲက ကျပ်ခြောက်သောင်းပေးပြီး ကြိုဝယ်ယူနေကြတော့ မတ်ပဲပေါ်ရင် ဒီထက်ဈေးပိုကောင်းမှာဖြစ်လို့ ကျုပ်တို့မတ်ပဲခင်းတွေကို အထွက်ကောင်းအောင် ကြိုးစားနေကြရပါတယ်" ဟု ဖြူးအနောက်ဘက် ကျွန်းကုန်းရွာမှ ဒေသခံလယ်သမားတစ်ဦးက ပြောသည်။

**(ဖြူးမြင့်ဦး)**

# စစ်တက္ကသိုလ်အမှတ်စဉ်(၂၀)ကျောင်းဆင်းအရာရှိများ၏ အာစရိယပူဇော်ပွဲ ကြိုတင်အသိပေးဖိတ်ကြားလွှာ

ပြင်ဦးလွင်မြို့၊ စစ်တက္ကသိုလ်တွင် ၁၉၇၄ ခုနှစ်မှ ၁၉၇၉ ခုနှစ်အတွင်း တာဝန် ထမ်းဆောင်ခဲ့ကြသော စာပေနှင့်လေ့ကျင့်ရေးဌာနများမှ ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည့် စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားအား နေပြည်တော်၌ ၂၀၁၆ခုနှစ် ဇန်နဝါရီလ ၃၁ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီအချိန်တွင် ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေး ဖိတ်ကြားအပ်ပါသည်။

**အာစရိယပူဇော်ပွဲဦးစီးကော်မတီ**
**စစ်တက္ကသိုလ်အမှတ်စဉ်(၂၀)**

# သာစည်မြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ပြန်လည်ရွေးချယ်မည်

**သာစည် ဒီဇင်ဘာ ၂၅**

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ပြီး သာစည်မြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများကို ပြန်လည်စိစစ်ရွေးချယ်သွားကြမည်ဖြစ်ကြောင်း သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

"အခု မကြာမီလပိုင်းအတွင်းမှာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေ အသစ်ပြန်လည်ရွေးချယ်တော့မယ်ဆိုလို့ ဝမ်းသာပါတယ်။ ပညာတတ်အုပ်ချုပ်ရေးမှူးတွေ ပါစေချင်ပါတယ်။ တချို့ဆို ရေးတတ်၊ ဖတ်တတ်ရုံနဲ့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေ ဖြစ်နေကြတယ်။ အမှန်တကယ် အုပ်ချုပ်ရေးမှူးကောင်းတွေ ရွေးမယ်ဆိုရင် ရပ်ကွက်လူထုရဲ့ဆန္ဒ၊ ကျေးရွာတွေဆိုရင် ကျေးရွာလူထုရဲ့ဆန္ဒနဲ့ ထင်သာမြင်သာ ရွေးစေချင်ပါတယ်။ အခုတော့ ဆယ်အိမ်စုမှူးတွေနဲ့တင်ရွေးတော့ အုပ်စုတောင့်တဲ့သူတွေ၊ ဆွေမျိုးအုပ်စု တောင့်တဲ့သူတွေသာ အရွေးခံရပါတယ်။ အုပ်ချုပ်ရေးမှူးတွေကို နိုင်ငံတော်က လစဉ်ပေးအပ်တဲ့လစာနဲ့ ကိုက်ညီတဲ့၊ သင့်တော်တဲ့ ပညာတတ်၊ ရှေ့နောက်တွေးခေါ်တတ်တဲ့ အုပ်ချုပ်ရေးမှူးတွေ ဖြစ်စေချင်ပါတယ်။ ဆယ်အိမ်စုမှူးတွေနဲ့ ရွေးနေရင်တော့ ဘယ်တော့မှ အုပ်ချုပ်ရေးမှူးကောင်းတွေ မရနိုင်ပါဘူး" ဟု အမှတ်(၆) ရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောပြသည်။

သာစည်မြို့နယ်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ခုနစ်ဦး၊ ကျေးရွာအုပ်စု (၈၀)တို့မှ အုပ်ချုပ်ရေးမှူးနေရာ ၈၀ အတွက် ရွေးချယ်နိုင်ရန် ရွေးချယ်ရေးကြီးကြပ်အဖွဲ့တွေကို ယခုရက်ပိုင်းအတွင်း၌ ရပ်ကွက်/ကျေးရွာများတွင် စတင်ရွေးချယ်စာရင်းပြုစုနေကြောင်းနှင့် ဆယ်အိမ်စုစာရင်းများကိုလည်း ပြန်လည်ပြုစု၍ ဆယ်အိမ်စုကိုယ်စားလှယ်များကိုလည်း ပြန်လည်ရွေးချယ်သွားမည်ဖြစ်သည်။ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလကုန်တွင် အပြီးရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

***ရန်ကုန်မြို့နေ ခရီးသွားပြည်သူလူထုအတွက် နေ့စဉ် ကြုံတွေ့နေရသည့် ပြဿနာမှာ ယာဉ်ကြောပိတ်မှုကြောင့် ကားပေါ်တွင် အချိန်ပိုမိုကြာနေခြင်းပင်ဖြစ်သည်။ အထူးသဖြင့် အခြေခံလူတန်းစား၊ ဝန်ထမ်းများ၊ အလုပ်သမားများအတွက် အဓိကအားကိုးရာမှာ ဘတ်စ်ကားဖြစ်ပြီး ကားပေါ်တွင် ယခင်ကထက် အချိန်ကုန်မှု၊ သက်သောင့်သက်သာမရှိမှု၊ ဘေးကင်းလုံခြုံစိတ်ချရမှုများ လျော့နည်းလာမှုတို့ကြောင့် ၎င်းတို့၏ဘဝရှင်သန်ရေး ပိုမိုခက်ခဲလာပြီဖြစ်သည်။***

# ရန်ကုန်မှာ BRT ဘာကြောင့်လို

ဒေါက်တာမောင်မောင်အောင်

အစိုးရသစ်လက်ထက် ယခင်ကန့်သတ်ပိတ်ပင်ထားသည့် မော်တော်ယာဉ်တင်သွင်းမှုကို ပြန်လည်ဖွင့်ပေးခြင်းကြောင့် ယခုအခါ ယာဉ်စီးရေ သိသိသာသာများလာပြီး လူလတ်တန်းစားအထိ ကားစီးလာနိုင်သည့် အခြေအနေရှိလာကာ ဈေးနှုန်းများလည်း သိသိသာသာကျဆင်းလာပြီဖြစ်သည်။ ဒေသတွင်းနိုင်ငံများအတွင်း လူနှင့်ကားစီးရေ အချိုးအစားနှိုင်းယှဉ်လျှင် လူတစ်ထောင်လျှင် ကားစီးရေ ၁၀ စီးကျော်သာရှိသည့်အတွက် အနိမ့်ဆုံးအနေအထားရှိသလို မြေဧရိယာအကျယ်အဝန်းအရကြည့်လျှင်လည်း အရှေ့တောင်အာရှတွင် အကျယ်ဆုံးနိုင်ငံမှာ အင်ဒိုနီးရှားဖြစ်သော်လည်း ကျွန်းစုအများဆုံးပါဝင်နေသည့်အတွက် ကုန်းမြေတစ်ဆက်တည်းအကျယ်ဆုံးနိုင်ငံမှာ မြန်မာနိုင်ငံပင်ဖြစ်သည်။ မြေဧရိယာနှင့်ကားအမျိုးအစားကြည့်လျှင်လည်း တစ်စတုရန်းမိုင်တွင် ကားစီးရေတစ်စီးခန့်ဖြင့် အနည်းဆုံးဖြစ်နေဆဲပင်ဖြစ်သည်။ ထို့အတွက် လူဦးရေအလိုက် ကားပိုင်ဆိုင်မှု၊ မြေအကျယ်ပေါ် မူတည်၍ ကားတည်ရှိမှုအရဆိုလျှင် အနေတော်အခြေအနေ (optimum situation)မရောက်သေးဘဲ ကားများလိုအပ်ဆဲပင်ဖြစ်သည်။

သို့သော် အဓိကပြဿနာမှာ ဝင်လာသည့်ကားသစ်များ ရန်ကုန်တွင်သာ စုပုံနေသည့်အတွက် ယာဉ်ကြောကျပ်သည့် ပြဿနာကို ရန်ကုန်မြို့နေပြည်သူများ နေ့စဉ်ရင်ဆိုင်နေရပြီဖြစ်သည်။

**ဘာကြောင့် ရန်ကုန်မှာကားတွေပုံ**

ယခင်ခေတ်အဆက်ဆက် ရန်ကုန်သည် မြန်မာနိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအဘက်ဘက်မှ အရေးအပါဆုံးဖြစ်ခဲ့သလို ယခုအခါ စီးပွားရေးပွင့်လင်းလာသည့်အခါတွင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ကုမ္ပဏီကြီးများ၊ အေဂျင်စီများ အနေဖြင့်လည်း အများစုက ရန်ကုန်ကိုသာ အခြေစိုက်လာမှုများ တိုးပွားလာနေပြီဖြစ်သည်။ ထို့ပြင် နယ်များမှ အလုပ်အကိုင်ရရှိရေးအတွက် ပြည်တွင်းပြောင်းရွှေ့လုပ်သား (domestic migrant labour) များ အနေဖြင့်လည်း ရန်ကုန်ကိုသာ အဓိကဦးတည်ရွှေ့ပြောင်းလာကြသည်။ လက်ရှိအခြေအနေတွင် စက်မှုလက်မှုလုပ်ငန်းများ၊ ထုတ်လုပ်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ သိသိသာသာတိုးလာနေသလို နိုင်ငံတကာ ကုန်သွယ်မှုပြုလုပ်နေသည့် ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်များ အများဆုံးရှိနေမှုကြောင့် ရန်ကုန်သည် မြန်မာနိုင်ငံ၏ လူချမ်းသာအများစု စုဝေးနေသည့် မြို့ဖြစ်သလို တိုင်းပြည်၏စီးပွားရေးကို အဓိကပြဋ္ဌာန်းနေသည့် မြို့လည်းဖြစ်သည်။ ယခုအခါ လူဦးရေ ခြောက်သန်းဝန်းကျင်ဖြင့် မီဂါ (mega) မြို့ကြီးအဆင့်ဖြစ်လာမှုကြောင့် မြို့သစ်များတိုးချဲ့ခြင်း၊ အိမ်ရာသစ်များ ဆောက်လုပ်ခြင်းတို့ ပြုလုပ်နေဆဲဖြစ်သည်။ ထို့အတွက်လည်း ကားအစီးနိုင်ဆုံးမြို့မှာ ရန်ကုန်ဖြစ်သလို ကားဟောင်း၊ ကားသစ်အရောင်းစင်တာများ အများဆုံးရှိပြီး အချို့သော ငွေကြေးချမ်းသာသူများအနေဖြင့် အမည်ခံတင်သွင်းမှုများကြောင့်လည်း ကားသစ်များပိုမိုစုပုံနေခြင်းဖြစ်သည်။

**ဆိုးရွားလာသည့် အများပြည်သူတို့၏ လူမှုကောင်းစားရေး (social welfare)**

ရန်ကုန်မြို့တွင် ယာဉ်ကြောပိုမိုကျပ်လာမှုကြောင့် မြို့နေလူထုအားလုံးကို ထိခိုက်သော်လည်း အထိခိုက်ဆုံးသူများမှာ အများစုဖြစ်သည့် အခြေခံလူတန်းစားများ၊ အလုပ်သမားများ၊ ဝန်ထမ်းများ၊ လက်လုပ်လက်စားများဖြစ်ပြီး ကိုယ်ပိုင်ကားမစီးနိုင်သည့် လူတန်းစားများဖြစ်ကာ နေ့စဉ်သွားလာရေးအတွက် ဘတ်စ်ကားကိုသာ အမှီပြုနေရသူများဖြစ်သည်။ လက်ရှိဘတ်စ်ကားစနစ်၏ ဝန်ဆောင်မှုညံ့ဖျင်းလာမှု၊ ယာဉ်ကြောကျပ်သည့်အတွက် ဘတ်စ်ကားပေါ်တွင် အချိန်ပိုကုန်လာမှုတို့ကြောင့် အခြေခံလူတန်းစားတို့၏ ဘဝရှင်သန်တိုးတက်ရေးနှင့် လူမှုကောင်းစားရေးတို့ကို ထိခိုက်နေပြီဖြစ်သည်။ ခေတ်အဆက်ဆက် ဘတ်စ်ကားကိုသာ အားကိုးနေရပြီး ကိုယ်ပိုင်မော်တော်ကား ပိုင်ဆိုင်နိုင်သည့်အခွင့်အရေးမှာ မမျှော်လင့်နိုင်သော အခြေအနေပင်ဖြစ်သည်။

ယခင်ကထက် ဘတ်စ်ကားပေါ်တွင် အချိန်ပိုမိုကုန်ဆုံးလာမှုကြောင့် အလုပ်သို့ စောထွက်ရမည့်အချိန်၊ ပုံမှန်ထက်နောက်ကျမှ အိမ်ရောက်မည့်အချိန်တို့သည် မိသားစုတိုင်းအတွက် အိမ်မှုကိစ္စ၊ လူမှုရေးနှင့် မိသားစုတို့အတွက်ပေးရသည့်အချိန် ပိုမိုရှားပါးလာမှုကြောင့် အခြေခံလူတန်းစားများ ပိုမိုရုန်းကန်နေရပြီ ဖြစ်သည်။ ခေတ်အဆက်ဆက် ဘတ်စ်ကားအမှီပြုနေရသူများအဖို့ ယခင်က ကားကျပ်မှုမရှိသည့်အတွက် ဝန်ဆောင်မှု မကောင်းသော်လည်း အချိန်အတိုင်းအတာတစ်ခုအတွင်း လိုရာခရီးသွားလာနိုင်ခဲ့သည်။ သို့သော် ယခုအခါ အဆိုပါလူတန်းစားများအတွက် ဝန်ဆောင်မှုညံ့ဖျင်းသည့် လက်ရှိဘတ်စ်ကားစနစ်နှင့် အချိန်ပိုကုန်လာခြင်းကို မဖြစ်မနေဖြေရှင်းရတော့မည့်အချိန်ပင် ဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပါတီစုံစနစ်၊ ဆိုရှယ်လစ်စနစ်များအောက်တွင် အများပြည်သူသွားလာရေးအတွက် ဘတ်စ်ကားလုပ်ငန်းကို အစိုးရကလုပ်ဆောင်ခဲ့ပြီး ကုန်းလမ်းပို့ဆောင်ရေးဌာနကတာဝန်ယူလုပ်ဆောင်ခဲ့သည်။ ဝန်ဆောင်မှုညံ့သည့်အပြင် စီမံခန့်ခွဲမှုအားနည်းခြင်းတို့ကြောင့် အရှုံးဆက်တိုက်ပြလာကာ ဘတ်စ်ကားပြေးဆွဲခြင်းလုပ်ငန်းကို တပ်မတော်အစိုးရလက်ထက်တွင် လွှဲပြောင်းပေးခဲ့ပြီး ယခုအထိလည်း ဘတ်စ်ကားပြေးဆွဲမှုလုပ်ငန်းကို ပုဂ္ဂလိကများကသာ အဓိကလုပ်ဆောင်နေဆဲဖြစ်သည်။

**အရေးပါဆုံး အများပြည်သူပို့ဆောင်ရေး ဘတ်စ်ကား**

ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် ရထားလုပ်ငန်းဖွံ့ဖြိုးမှုနောက်ကျနေမှုကြောင့် ပြည်သူများအနေဖြင့် ဘတ်စ်ကားကိုသာ ခေတ်အဆက်ဆက် အားထားနေရဆဲဖြစ်သည်။ နေ့စဉ်ခရီးသွားပြည်သူနှစ်သန်းကျော် ဘတ်စ်ကားများဖြင့်သာ သွားလာနေရပြီး ယာဉ်လိုင်းပေါင်း ၃၀၀ ကျော်၊ ကားအကြီး ၄၀၀၀ ကျော်နှင့် Mini-bus ၁၀၀၀ ကျော် ပါဝင်သည်။ သို့သော် လက်တွေ့ပြေးဆွဲနေသည့် ယာဉ်အရေအတွက်မှာ ၄၀၀၀ ကျော် ဝန်းကျင်သာရှိသည်။ ပုဂ္ဂလိကတစ်ဦးချင်းပိုင်ဆိုင်ပြီး အများစုမှာ owner ကြေးတစ်ရက် ခြောက်သောင်း၊ ခုနစ်သောင်းခန့်ဖြင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ငှားရမ်းပြေးဆွဲရခြင်းဖြစ်သည်။ ဆိုလိုသည်မှာ owner ကြေးပေးရန်နှင့် မိမိမိသားစုစားဝတ်နေရေးအတွက် တစ်နေ့တာဝင်ငွေရရှိ




စေရန် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ ငွေရရှိရေးနည်းပေါင်းစုံကြိုးစားနေမှုကြောင့် စည်းကမ်း၊ စည်းမျဉ်းလိုက်နာမှု အားနည်းလာမှုနှင့်အတူ ဝန်ဆောင်မှုညံ့ဖျင်းလာခြင်း၊ ယာဉ်နောက်လိုက်များ၏ မချေမငံဆက်ဆံမှု၊ အပြိုင်မောင်း၊ အပြိုင်လု ခရီးသည်အတင်အချလုပ်ဆောင်မှုများကြောင့် ခရီးသွားပြည်သူတို့၏ ဘေးကင်းလုံခြုံစိတ်ချရမှုလျော့နည်းလာပြီး အထူးသဖြင့် အသက်အရွယ်ရလာသူများ ဘတ်စ်ကားမစီးရဲလောက်အောင် ဖြစ်လာနေသည်။

နိုင်ငံတကာ၏ အများပြည်သူသွားလာရေးတွင် အရေးကြီးဆုံးစံမှာ ဘေးကင်းလုံခြုံမှုပင်ဖြစ်သည်။ ပြိုင်မောင်းသည့်အခါ မှတ်တိုင်များတွင် မရပ်တော့ဘဲ လမ်းလယ်ကောင်တွင် ခရီးသည်များအဆင်း၊အတက် ပြုလုပ်ရာတွင် ခရီးသည်များ ယာဉ်တိုက်နိုင်မှု အန္တရာယ်အထူးကြီးမားပေသည်။ ထို့အတူ မီးပွိုင့်များတွင် လူအတင်၊အချ ပြုလုပ်ခြင်း၊ မရပ်ရမည့်နေရာများအပါအဝင် ခရီးသည် ရှိမည့်နေရာတိုင်းရပ်သည့်အတွက် အန္တရာယ်များပေသည်။ နိုင်ငံတကာစနစ်တွင် သက်ကြီးရွယ်အိုများသာမက မသန်စွမ်းများပါ ဘေးကင်းလုံခြုံစွာ စီးနင်းနိုင်သည့် အခြေအနေပင်ဖြစ်သည်။

လက်ရှိ ရန်ကုန်ဘတ်စ်ကားစနစ်ကို ဘေးကင်းလုံခြုံမှုအရ အကဲဖြတ်မည်ဆိုလျှင် အနုတ်လက္ခဏာဆောင်နေပေသည်။ ထို့အတူ အများပြည်သူနှင့်ဆိုင်သည့် သွားလာရေးတွင် ထင်သာမြင်သာရှိမှုနှင့် တွက်ချက်ခန့်မှန်းနိုင်မှု (transpancy & accountability) ပြည့်စုံရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ဘယ်အချိန်မှာ ကားရောက်မည်၊ ကားမှတ်တိုင်အချိန်မည်မျှကြာအောင်ရပ်မည်၊ နောက်မှတ်တိုင်မောင်းချိန်ဘယ်လောက်ကြာမည် စသည့် ပွင့်လင်းမြင်သာသည့် အချိန်ဇယား (time table) ဖြင့် မောင်းသည့်စနစ်လုံးဝမရှိသေးပေ။ ခရီးသည်မရမချင်း မထွက်ဟူသောမူဖြင့် မှတ်တိုင်များ၌ ကျောက်ချရပ်နားမှုများကြောင့် ဘတ်စ်ကားပေါ်ရောက်ပြီဆိုလျှင် အချိန်ကို အစိုးမရတော့ပေ။

ယခုအခါ ယာဉ်ကြောပိတ်ဆို့လာမှုကြောင့်လည်း ဘတ်စ်ကားအသုံးပြုခရီးသည်များအဖို့ မည်သည့်အချိန်ရောက်မည်ကို မသိနိုင်တော့သည့်အခြေအနေပင်ဖြစ်သည်။ ပွင့်လင်းမြင်သာမှု အားနည်းသည့်အချက်မှာ သတ်မှတ်ဘတ်စ်ကားခထက် ပိုတောင်းခံမှုများ မကြာမကြာကြုံတွေ့နေရပြီး ခရီးသွားပြည်သူအများဆုံး တိုင်ကြားနေသည့်ကိစ္စဖြစ်သည်။ ထို့ပြင် နေ့တွင် ကောက်ခံသည့်နှုန်းနှင့် ညတွင်ကောက်ခံသည့်နှုန်း မတူသည့်ကိစ္စသည်လည်း လိုင်းအများစုတွင် ဖြစ်ပေါ်နေပြီး ညပိုင်းစီးသည့်သူများ ပိုပေးနေရဆဲဖြစ်သည်။

ဘေးကင်းလုံခြုံစိတ်ချရမှုနှင့် ပတ်သက်ပြီး ဘတ်စ်ကားခရီးသည်များအတွက်သာမက လမ်းအသုံးပြုအခြားယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များ၊ လမ်းဖြတ်ကူးသူများပါ အထူးသတိထားနေရပြီဖြစ်သည်။ အခြားကားများအနေဖြင့် ဘတ်စ်ကားလာနေပြီဆိုလျှင် အထူးသတိထားရသည်။ အလယ်ယာဉ်ကြောမှ မောင်းနေသည့် ဘတ်စ်ကားဆိုလျှင် အချိန်မရွေးခေါင်းထိုး၍ ညာအစွန်ဆုံးလမ်းသို့ ပြောင်းလဲမည်ဖြစ်၍ မတိုက်မိစေရန် အလျှော့ပေးရသလို အချို့ဘတ်စ်ကားများ လမ်းကြောပြောင်းပြန် မောင်းလာသည့်အခါ အမှုမဲ့အမှတ်မဲ့ လမ်းကူးသူများအတွက်လည်း အန္တရာယ်ကြီးပေသည်။

ဘတ်စ်ကားအများစုမှာ Model နိမ့်ကားများဖြစ်သည့်အတွက် ဘရိတ်ပေါက်ခြင်း၊ ရှော့ဘားပေါက်ခြင်း၊ ဘီးပေါက်ခြင်း စသည့် ကားကြံ့ခိုင်မှုအားနည်းမှုအပေါ် မူတည်၍ ပေါ်ပေါက်နေသည့် မတော်တဆမှုများရှိသလို ဘတ်စ်ကားမောင်းသူ၏ မကျော်သင့်သည်ကို ကျော်တက်ခြင်း၊ အရှိန်ပြင်းစွာမောင်းခြင်း၊ ခေါင်းတိုးဝင်ခြင်းစသည်တို့ကြောင့်လည်း ယာဉ်တိုက်မှုများ မကြာမကြာ ဖြစ်ပေါ်လေ့ရှိသည်။ လမ်းပေါ်တွင်ကားများပြည့်နှက်နေမှုကြောင့် ဘတ်စ်ကားကြောင့်ဖြစ်သည့် ယာဉ်တိုက်မှုသည် အနည်းဆုံး လေးငါးဆယ်စီးပျက်စီးလေ့ရှိသည်။ အဆိုးဆုံးမှာ accident ဖြစ်တိုင်း ဒရိုင်ဘာများအနေဖြင့် တာဝန်ယူဖြေရှင်းပေးခြင်းမရှိဘဲ ထွက်ပြေးသွားခြင်းပင် ဖြစ်သည်။ ထိခိုက်ခံရသည့် ကားများ များစွာနစ်နာလေ့ရှိပြီး ပြဿနာများဖြစ်ပွားရခြင်း အဓိကအကြောင်းရင်းမှာ ယာဉ်များကြံ့ခိုင်မှုအားနည်းမှုလည်းပါသလို ယာဉ်မောင်းများ စည်းကမ်းမဲ့မှုများကြောင့်လည်း ဖြစ်သည်။

ဘတ်စ်ကားအပါအဝင် ရန်ကုန်အခြေပြုယာဉ်များ စည်းကမ်းချိုးဖောက်မှုဆိုးရွားနေမှုကို ပံ့ပိုးနေသည့် အချက်မှာ ဥပဒေအရ ထိရောက်သည့်အရေးယူမှု (law enforcement) အားနည်းခြင်းပင်ဖြစ်သည်။ ၁၉၆၄ မော်တော်ယာဉ်ဥပဒေအရ စည်းကမ်းဖောက်မှုများအတွက် ဒဏ်ကြေးငွေကျပ် ၁၅၀၀ သည် ယခုခေတ်ငွေကြေးတန်ဖိုးအရ အင်မတန်နည်းပါးခြင်းကြောင့် ဖြစ်သည်။ ထို့အတွက်လည်း စည်းကမ်းဖောက်မှုသည် ရန်ကုန်ယာဉ်လောက၊ အထူးသဖြင့် ဘတ်စ်ကားလောကတွင် အစဉ်အလာလိုဖြစ်နေသည့် အလေ့အကျင့်ဖြစ်ကာ ဖမ်းလျှင်လည်း ကျပ် ၁၅၀၀ ဖြစ်သည့်အတွက် မမှုတော့ဘဲ စည်းကမ်းပိုင်းဖောက်ချင်သလို ဖောက်နေသည်မှာ အများအသိပင်ဖြစ်သည်။

ခေတ်နှင့်လျော်ညီသည့် မော်တော်ယာဉ်ဥပဒေသစ်ကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ပြဋ္ဌာန်းလိုက်သည့်အခါ ယာဉ်စည်းကမ်းဖောက်ဖျက်မှုများအတွက် အနိမ့်ဆုံးဒဏ်ကြေးမှာ ကျပ်ငွေ ၃၀၀၀၀ အထိ ဖြစ်လာသည့်အခါ ပုဂ္ဂလိကပိုင်ဘတ်စ်ကားအချို့ မပြေးဆွဲမှုကြောင့် ဘတ်စ်ကားစီးပြည်သူတို့ ဒုက္ခကြုံတွေ့ရသည်။ တက္ကသိုလ် ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေသည့်အချိန်ဖြစ်၍လည်း ပိုမိုအထိနာခဲ့သည်။ ပြည်သူ့အသံများ၊ မီဒီယာအသံများ၊ အင်တာနက်၊Face-book များတွင် ကျယ်ကျယ်လောင်လောင် ဖြစ်လာခဲ့သလို အများစုမှာ လက်ရှိဘတ်စ်ကားစနစ်ကို ပြောင်းလဲလိုသည့် ဆန္ဒရှိနေကြပြီဖြစ်သည်။

ယခုအခါ မြို့ပတ်ရထားလုပ်ငန်းမြှင့်တင်နိုင်ရန် လုပ်ဆောင်နေပြီဖြစ်သော်လည်း ပြည်သူများအတွက် အဓိကအားထားနိုင်သည့် အဆင့်ရောက်ရှိရန် စောင့်ရဦးမည်ဖြစ်သည်။ လက်ရှိကာလနှင့် နောင်လေးငါးနှစ်အတွင်း ဘတ်စ်ကားသယ်ယူပို့ဆောင်ရေးသည်သာ ရန်ကုန်မြို့နေ ပြည်သူအများစုအဖို့ အရေးပါဆုံးဖြစ်သည့်အတွက် အများပြည်သူ ယုံကြည်အားထားနိုင်သည့် ဘတ်စ်ကားစနစ် ထွန်းကားလာရေး အထူးအရေးကြီးလာပြီဖြစ်သည်။ ။ **(ဆက်လက်ဖော်ပြပါမည်။)**

**လက်ရှိဘတ်စ်ကားစနစ်၏ ဝန်ဆောင်မှုညံ့ဖျင်းလာမှု၊ ယာဉ်ကြောကျပ်သည့်အတွက် ဘတ်စ်ကားပေါ်တွင် အချိန်ပိုကုန်လာမှုတို့ကြောင့် အခြေခံလူတန်းစားတို့၏ ဘဝရှင်သန်တိုးတက်ရေးနှင့် လူမှုကောင်းစားရေးတို့ကို ထိခိုက်နေပြီဖြစ်သည်။ ခေတ်အဆက်ဆက် ဘတ်စ်ကားကိုသာ အားကိုးနေရပြီး ကိုယ်ပိုင်မော်တော်ကား ပိုင်ဆိုင်နိုင်သည့်အခွင့်အရေးမှာ。。。。**



# မြို့ကြီးဘက်စုံရေလှောင်တမံ ဇန်နဝါရီ ၁ ရက်တွင် ဖွင့်လှစ်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာ၏ မြောက်ဘက် တစ်မိုင်အကွာရှိ ဇော်ဂျီမြစ်ပေါ်တွင် တည်ဆောက်လျက်ရှိသော မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး ပင်မတာတမံ တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှု၊ ရေအားလျှပ်စစ် အဆောက်အအုံနှင့် စက်ရုံများ တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့သည်။ စီမံကိန်းဖွင့်ပွဲ အခမ်းအနားကို နှစ်သစ်ကို ကြိုဆိုသောအားဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အခမ်းအနားနှင့် ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို စစ်ဆေးကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဖွင့်ပွဲမဏ္ဍပ်တည်ဆောက်နေမှုနှင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြမည့် ဧည့်ပရိသတ်များအတွက် နေရာချထားရန် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ရေလှောင်တမံ မုခ်ဦးဆိုင်းဘုတ် ပြင်ဆင်ထားရှိမှု အခြေအနေနှင့် ကမ္ပည်းကျောက်စာ မှတ်တမ်းရေးထိုးရန် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရေအားလျှပ်စစ်စက်ရုံဝင်းသို့ ရောက်ရှိပြီး စိုက်ပျိုးရေအထွက်မြောင်း တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ ရေအားလျှပ်စစ် ဥမင်လိုဏ်နှင့် ဆက်စပ် အဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ ရေအားလျှပ်စစ် စက်ရုံများ တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ရေအားလျှပ်စစ်စက်ရုံများမှ လျှပ်စစ်ထုတ်ရန် အသင့်ဖြစ်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရေအားလျှပ်စစ် ရေယူအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းပြီးစီး၍ ရေအားလျှပ်စစ်အတွက် ရေများဝင်ရောက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး ရေလှောင်တမံ ရှုရပ်မှ တမံအတွင်း ရေများ ၁၄၀၃၅၂ ဧကပေ အထိ သိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

# (၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ

(၂၉၊ ၃၀-၁၂-၂၀၁၅) နေပြည်တော်

# အများပြည်သူသို့ အသိပေးပန်ကြား

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း သာကေတဓာတ်အားပေးစက်ရုံတွင် ၁၉၇၄ ခုနှစ်မှ စတင်သုံးစွဲလာသည့် 230 KV Busbar သည် လက်ရှိဝန်အားသုံးစွဲမှုအခြေအနေအရ ဝန်အားမနိုင်တော့ပါသဖြင့် Busbar အသေးကို Busbar အကြီးဖြင့် လဲလှယ်ခြင်းလုပ်ငန်းကို ၂၆-၁၂-၂၀၁၅ ရက် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ၊ ၂၇-၁၂-၂၀၁၅ ရက် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ခေတ္တဓာတ်အားပိတ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့လုပ်ငန်းဆောင်ရွက်နေချိန်အတွင်း ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ တာမွေ၊ ရန်ကင်း၊ မင်္ဂလာတောင်ညွန့်၊ သင်္ဃန်းကျွန်း၊ ဒဂုံ(တောင်)၊ ဒဂုံ(အရှေ့)၊ ဒဂုံ(မြောက်)၊ သာကေတ၊ ဒေါပုံ၊ တောင်ဥက္ကလာပမြို့နယ်များနှင့် အနောက်ပိုင်းခရိုင်အတွင်းရှိ မရမ်းကုန်း၊ ဗဟန်းမြို့နယ်တို့တွင် ယာယီဓာတ်အားပြတ်တောက်မှုများရှိနေမည်ဖြစ်သည်။

ယင်းသို့ ဓာတ်အားခေတ္တပိတ်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားခွဲရုံ ကြံ့ခိုင်မှုရှိစေရန်နှင့် ဓာတ်အားစနစ်ပိုမိုစိတ်ချရမှုရှိစေရန်တို့အတွက် မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ဖြစ်ပါသောကြောင့် ဓာတ်အားပြတ်တောက်မှုကြောင့် မီးသုံးစွဲသူပြည်သူများအတွက် အခက်အခဲများစွာ ဖြစ်ပေါ်လာနိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးနိုင်ပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ အသိပေးပန်ကြားထားသည်။

**(ကြေးမုံ)**

# ဟိုပုံးမြို့နယ်အတွင်းရှိ ဘိန်းခင်း ၁၁၀၄ ဧက ဖျက်ဆီးပြီးဖြစ်

**ဟိုပုံး ဒီဇင်ဘာ ၂၅**

ဘိန်းစိုက်ပျိုးမှု ပြန်လည်လျှော့ချနိုင်ရေးနှင့် ထွက်ပေါ်နေသည့်စိတ်ကြွဆေးပြားများနှင့် စိတ်ပြောင်းဆေးဝါး အသစ်အန္တရာယ် လျှော့ချနိုင်ရန် နိုင်ငံတော်နှင့် မူးယစ်ဗဟိုအဖွဲ့က မူးယစ်ဆေးဝါးပပျောက်ရေး(၁၅) နှစ်စီမံကိန်းကို ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ အထိ ငါးနှစ်ကာလ သက်တမ်းတိုးပြီး အစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုင်ငံအသီးသီး ရင်ဆိုင်နေရသည့် စီးပွားရေး၊ လူမှုရေး၊ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အန္တရာယ်ပြုနေသော မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကာကွယ်နှိမ်နင်းဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှစတင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်ဝင်းဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် စံဖူးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် အမြင့်လေးပေ သီးပွင့်ဆဲဘိန်းခင်းနှင့် တစ်ပေခွဲခန့်ရှိ ဖွံ့ဖြိုးဆဲဘိန်းခင်းများကို ဖျက်ဆီးခဲ့ရာ ယနေ့ထိ ဘိန်းခင်း ၁၁၀၄ ဧက ဖျက်ဆီးနိုင်ခဲ့ပြီး ကျန်ရှိနေသည့် ဘိန်းစိုက်ပျိုးသည့် ကျေးရွာများရှိ ဘိန်းခင်းများကိုလည်း ဆက်လက် ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

# မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှု နှစ်နှစ်ဆက်တိုက်ကျဆင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဘိန်းစိုက်ဧက ၃၂၈၀၂ ဒသမ ၄၇ ဧက ဖျက်ဆီးနိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပြဿနာအပေါ် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ပြီး ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် ၁၉၉၉-၂၀၀၀ ခုနှစ်မှစ၍ ငါးနှစ်စီမံကိန်းစီဖြင့် ဆောင်ရွက်ခဲ့ရာ ယခုနှစ်သည် စတုတ္ထ ငါးနှစ်စီမံကိန်း၏ ဒုတိယနှစ်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်အစိုးရက မြန်မာကျပ်ငွေ ၄၇၃၂၄ သန်းကျော် အကုန်အကျခံ၍ ဘိန်းစိုက်ပျိုးမှုနှင့်ထုတ်လုပ်မှု ကျဆင်းရေးအတွက် ဒေသဖွံ့ဖြိုးရေး၊ မွေးမြူရေး၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး၊ ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ အသိပညာပေးရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့နှင့်လည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးပြီး မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး (UNODC)နှင့်ပူးပေါင်း၍ ရေရှည်တည်တံ့စေမည့် ဘိန်းအစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဟိုပုံး၊ ပင်လုံနှင့် လွိုင်လင်မြို့နယ်များတွင်လည်းကောင်း၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB)နှင့်ပူးပေါင်း၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်တို့တွင် ရေရှည်တည်တံ့မည့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံနှင့် ပူးပေါင်း၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်တွင်လည်း အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။

ဘိန်းစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုများ လျော့နည်းကျဆင်းရေးအတွက် နှစ်စဉ်ဘိန်းခင်းများ ဖျက်ဆီးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ခုနှစ် ဘိန်းစိုက်ရာသီတွင် ဘိန်းခင်း ၁၃၂၇၄ ဒသမ ၉၈ ဟက်တာ (၃၂၈၀၂ ဒသမ ၄၇ ဧက) ဖျက်ဆီးနိုင်ခဲ့သည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး(UNODC)အနေဖြင့် အရှေ့တောင်အာရှဒေသ ဘိန်းစိုက်ပျိုးမှုသတင်းအချက်အလက်များကို နှစ်စဉ်ထုတ်ပြန်လျက်ရှိရာ ၂၀၁၃ ခုနှစ် အစီရင်ခံစာအရ မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးပမာဏမှာ ၅၇၈၀၀ ဟက်တာ (၁၄၂၈၂၃ ဧက)နှင့် ဘိန်းထုတ်လုပ်မှု ၈၇၀ မက်ထရစ်တန်ထွက်ရှိခဲ့ပြီး ၂၀၁၄ ခုနှစ် ဘိန်းစိုက်ပျိုးပမာဏမှာ ၅၇၆၀၀ ဟက်တာ (၁၄၂၃၂၉ ဧက)၊ ဘိန်းထုတ်လုပ်မှု ၆၇၀ မက်ထရစ်တန် ထွက်ရှိခဲ့သဖြင့် ဘိန်းစိုက်ပျိုးမှု ၂၀၀ ဟက်တာ (၄၉၄ ဧက) (၀ ဒသမ ၃ ရာခိုင်နှုန်း) လျော့နည်းကျဆင်းခဲ့ပြီး ဘိန်းထုတ်လုပ်မှုမှာ ၂၀၀ မက်ထရစ်တန် (၂၃ ရာခိုင်နှုန်း) လျော့နည်းကျဆင်းခဲ့သည်။ ၂၀၁၅ ခုနှစ် ဘိန်းစိုက်ပျိုးမှုပမာဏမှာ ၅၅၅၀၀ ဟက်တာ (၁၃၇၁၄၀ ဧက)နှင့် ဘိန်းထုတ်လုပ်မှုမှာ ၆၄၇ မက်ထရစ်တန်ထွက်ရှိသဖြင့် ဘိန်းစိုက်ပျိုးမှု ၂၁၀၀ ဟက်တာ (၅၁၈၉ ဧက) (လေးရာခိုင်နှုန်း) လျော့နည်းကျဆင်းခဲ့ပြီး ဘိန်းထုတ်လုပ်မှုတွင် ၂၃ မက်ထရစ်တန် (၃ ဒသမ ၇၃ ရာခိုင်နှုန်း)လျော့နည်းကျဆင်းခဲ့သည်။

ထိုသို့ ဘိန်းစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှု နှစ်နှစ်ဆက်တိုက်ကျဆင်းရခြင်းမှာ နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏လုပ်ငန်းအဖွဲ့(၁၀)ဖွဲ့မှ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုတို့၏ အကျိုးရလဒ်များဖြစ်ကြောင်း သိရသည်။**(သတင်းစဉ်)**



# မြို့နယ်သုံးခုမှ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ(၂)၊ နယ်မြေ(၅)၊ အမှတ်(၁၂) ရွက်ညိုတောင်စခန်းမှ တပ်ဖွဲ့ဝင်များနှင့် မူးယစ်တပ်ဖွဲ့စု(၄၆)မောင်တောမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက်တွင် မောင်တောမြို့ ခြံပြင်ကျေးရွာနေ အောင်သန်းနိုင်၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၀၀၀ သိမ်းဆည်းရမိသည်။**(အပေါ်ပုံ)**

အလားတူ ဒီဇင်ဘာ ၂၃ ရက်က လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာအုပ်စု မန်နားကျေးရွာနေ လီရှောက်တယ်၏နေအိမ်ကိုရှာဖွေရာ လီရှောက်တယ်နှင့်အတူ ရန်စင်းယို၊ ဟွမ်လောက်ယွမ်နှင့် ကျော်ထွေးတို့လေးဦးအားတွေ့ရှိပြီး ၎င်းတို့ထံမှ ဘိန်းဖြူအလေးချိန် သုည ဒသမ ၀၅၅၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၉၅၀ တို့ကိုလည်းကောင်း၊ ဒီဇင်ဘာ ၂၃ ရက်တွင် လောက်ကိုင်မှ ချင်းရွှေဟော်ဘက်သို့ တားလီမောင်းနှင်ပြီး မရှောက်ထွမ်းလိုက်ပါလာသည့်ဆိုင်ကယ်ကိုရှာဖွေရာ မရှောက်ထွမ်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၇၆၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ယာဉ်တင်သွင်းခွင့်မူဝါဒကြောင့် လက်ရှိကားအရောင်းအဝယ်ဈေးကွက် အဝယ်အေးနေကြောင်းသိရ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၆ ခုနှစ်အတွက် ထုတ်ပြန်လိုက်သည့် ယာဉ်တင်သွင်းခွင့်မူဝါဒကြောင့် လက်ရှိကားအရောင်းအဝယ်ဈေးကွက် အဝယ်အေးနေကြောင်း ရန်ကုန်မြို့ လှိုင်မြို့နယ် ယာဉ်ရောင်းဝယ်ရေးစခန်းမှ သိရသည်။

"ညာမောင်းကားတွေ ဈေးတက်သွားတယ်။ ဘယ်မောင်းကတော့ နဂိုကတည်းက ကားအစီးရေနည်းတဲ့အတွက် အရောင်းအဝယ်မဖြစ်ဘူး။ ကားအမျိုးအစားတစ်ခုချင်း ဈေးတက်သွားတာမဟုတ်ဘူး။ ကားဈေးတန်းတစ်ခုလုံးတက်သွားတာ။ ကားဈေးကွက်က အရောင်းအဝယ်အေးသွားတယ်" ဟု လှိုင်မြို့နယ် ယာဉ်ရောင်းဝယ်ရေးစခန်းမှ ကိုထွန်းထွန်းက ပြောသည်။

"ကားဈေးက ငါးသိန်း၊ ၁၀ သိန်းလောက်တက်သွားတယ်။ ဈေးက ကျဖို့မလွယ်တော့ဘူး။ တက်ဖို့ပဲရှိတော့တယ်။ ညာမောင်းတင်သွင်းခွင့် မရှိတော့တဲ့အတွက် ကားအသစ်ဝယ်ဖို့မလွယ်ဘူး။ ကားအရောင်းပြခန်းတွေလည်း လက်ရှိကားတွေရောင်းကုန်ရင် နားရတော့မယ်ထင်တယ်"ဟု မင်္ဂလာတောင်ညွန့်မြို့နယ် အိုဆာကာ ကားအရောင်းပြခန်း မန်နေဂျာ ဦးခင်မောင်ညွန့်က ပြောသည်။

၂၀၁၆ ခုနှစ် ယာဉ်တင်သွင်းခွင့်မူဝါဒကို ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ လျော့နည်းစေရေးနှင့် လက်ယာမောင်းစနစ်နှင့် ကိုက်ညီသည့် ဘယ်မောင်းယာဉ်များ အသုံးပြုနိုင်ရေးတို့ကို ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"အဓိက လမ်းစနစ်နဲ့ညီတဲ့ဟာပြောင်းတာပါ။ လက်ရှိအများစုက ညာမောင်းတွေပါ။ ကိုယ့်လမ်းစနစ်နဲ့ ညီတဲ့ဟာကို စဉ်းစားတဲ့အတွက် ဘယ်မောင်းကို ဦးစားပေးတာပါ။ ပြည်တွင်းမှာရှိတဲ့ကားဈေးကတက်သွားနိုင်တယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စီးပွားရေးအကြံပေး ဒေါက်တာမောင်အောင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်ပမှ ကားတင်သွင်းရာတွင် ယာဉ်အိုယာဉ်ဟောင်း အစားထိုးလျှောက်ထားမှုနှင့် ၂၀၁၆ ခုနှစ်တွင် လက်ယာ ကပ်မောင်းစနစ်ဖြင့် ကိုက်ညီသော အသုံးမပြုရသေးသည့်ယာဉ် (Brand New Vehicle) ဘယ်စတီယာရင်ယာဉ်များ တင်သွင်းရာတွင် ကားပါကင်တင်ပြနိုင်မှသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ဒေါက်တာမောင်အောင်က ပြောသည်။

"ကားပါကင်က ကားအရောင်းပြခန်းတွေအတွက် အပြင်ကဝယ်ရတာ၊ အခုဆို တစ်စီးကို ၁၃ သိန်းလောက်ပေါက်တယ်။ ငွေလဲနှုန်းကလည်း မြင့်နေတယ်။ ကညန၊ ကာစတန် ငွေဈေးမြင့်တာကလည်း ကားဈေးကိုပိုတက်စေပါတယ်" ဟု ဦးခင်မောင်ညွန့် ကပြောသည်။

မြန်မာနိုင်ငံတွင် လက်ရှိ တရုတ်၊ ကိုရီးယားထုတ်ကားများထက် အသုံးပြုပြီးဖြစ်သည့် ညာမောင်းဂျပန်ကားများကို လူကြိုက်များကြောင်း၊ အသုံးမပြုရသေးသည့် ဘယ်မောင်းကားများကို တင်သွင်းရမည်ဆိုပါက ဈေးနှုန်းကြီးမြင့်မှုကြောင့် ကားဈေးကွက်ရပ်ဆိုင်းသွားနိုင်ကြောင်း လှိုင်မြို့နယ် ယာဉ်ရောင်းဝယ်ရေးစခန်းမှသိရသည်။

မြန်မာနိုင်ငံတွင် ၁၉၇၀ ပြည့်နှစ်မတိုင်ခင်က ဘယ်မောင်းစနစ်ကျင့်သုံးခဲ့ပြီး ဘယ်မောင်းစနစ် ကျင့်သုံးသည့် နိုင်ငံများမှ လက်ယာစတီယာရင်ယာဉ်များတင်သွင်းခဲ့ကြောင်း၊ ၁၉၇၀ ပြည့်နှစ်နောက်ပိုင်း ညာမောင်းစနစ် ပြန်လည်ကျင့်သုံးပြီး ယာဉ်များအားလုံးကို လက်ယာစတီယာရင်ယာဉ်များ တင်သွင်းခဲ့ကြောင်း တာမွေမြို့နယ် အမှတ်(၂၅)ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သိရသည်။

"လက်ရှိလမ်းစနစ်က လက်ယာကပ်မောင်း လမ်းစနစ်ဖြစ်တော့ ဘယ်စတီယာရင်ယာဉ် ဖြစ်ရမှာပါ။ ဘယ်မောင်းက ကျော်တက်တဲ့အခါ ယာဉ်မောင်းမြင်ကွင်း ပိုကျယ်တယ်။ လမ်းလယ်က ကူးတဲ့လူကိုလည်းမြင်ရတယ်။ တစ်ပိုင်းကပြန်ကြည့်ရင်လည်း ကျွန်တော်တို့နိုင်ငံမှာက ယာဉ်မောင်းအများစုက ညာစတီယာရင်ယာဉ်ကို ပိုကျွမ်းကျင်တယ်။ ဘယ်မောင်းက လမ်းစည်းကမ်းအရ အားသာချက်ရှိသလို ယာဉ်မောင်းအားလုံးကလည်း ညာမောင်းအားသာချက်ရှိနေတယ်။ ယာဉ်အန္တရာယ်ကင်းရှင်းဖို့က အသားကျမှုပေါ်မူတည်တယ်" ဟုအမှတ်(၂၅)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဝင်းလွင်က ပြောသည်။

၂၀၁၆ ခုနှစ်တွင် တင်သွင်းမည့်ယာဉ်များတွင် ယာဉ်အိုယာဉ်ဟောင်းအပ်နှံပြီး တင်သွင်းမည့် လူစီးယာဉ်များအတွက် ဘယ်မောင်း၊ ညာမောင်း မခွဲခြားဘဲ တင်သွင်းခွင့်ပြုမည်ဖြစ်ပြီး ကျန်ယာဉ်များကို မြန်မာနိုင်ငံတွင် ကျင့်သုံးသည့် လက်ယာကပ်မောင်းစနစ်ဖြင့်ကိုက်ညီသော အသုံးမပြုရသေးသည့်ယာဉ် (Brand New Vehicle) ဘယ်စတီယာရင်ယာဉ်များသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**(သတင်း-မင်းသစ်၊ဓာတ်ပုံ-နေလင်း)**



# နိုင်ငံတကာအဆင့်မီ ဟင်းသီးဟင်းရွက်ပန်းမန် လက်ကားဈေးသစ်ကြီး(တညင်းကုန်း) စတင်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၌ အကျယ်အဝန်း ၈၂ ဒသမ ၇၈ ဧကရှိ နိုင်ငံတကာအဆင့်မီ ဟင်းသီးဟင်းရွက်ပန်းမန် လက်ကားဈေးသစ်ကြီး(တညင်းကုန်း)စီမံကိန်းကို စတင်ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အဆိုပါ လက်ကားဈေးကြီးတွင် ဈေးစီမံခန့်ခွဲအုပ်ချုပ်မှုရုံး(Market Management Office)၊ ကားကတ္တား(Weight Bridge)၊ အကြီးစားလက်ကားရောင်းဝယ်ရေးပွဲရုံ၊ ရုံးခန်း၊ လူနေသုံးထပ်အဆောက်အအုံများ၊ အသေးစားလက်ကားပန်းမန်ရောင်းဝယ်ရေးရုံးနှင့် ပန်းလေလံခန်းမ၊ စားသောက်ဆိုင်များအတွက် အသင့်ပြုပြင်ထုပ်ပိုးပြီး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများရောင်းဝယ်ရေးရုံ(Process Meat, Seafood, Frozen Food Market)၊ အလတ်စား လက်ကားရောင်းဝယ်ရေးသစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်ရောင်းဝယ်ရေးပွဲရုံ၊ အသေးစားလက်ကားရောင်းဝယ်ရေး သစ်သီးမျိုးစုံရောင်းချရေးဆိုင်ခန်းများ၊ အသေးစားလက်ကားရောင်းဝယ်ရေး ရာသီထွက်ကုန်သီးနှံနှင့် လေလံဈေးရုံ(Seasonal Fruits Market)၊ အသေးစားလက်ကားရောင်းဝယ်ရေး အသား၊ ငါး၊ ပင်လယ်စာ၊ ကုန်ခြောက်နှင့် စားဖိုဆောင်သုံးသီးနှံနှင့် ပစ္စည်းရောင်းဝယ်ရေးရုံ၊ တောင်သူ/လက်လီရောင်းဝယ်သူများ ဈေးရုံ(တိုးချဲ့)သစ်သီးဝလံ/ဟင်းသီးဟင်းရွက်/ပန်းမန်)၊ တောင်သူ/လက်လီ ရောင်းဝယ်သူများဈေးရုံ(သစ်သီးဝလံ/ဟင်းသီးဟင်းရွက်/ပန်းမန်)၊ တောင်သူ/လက်လီရောင်းချရန်နေရာ(သီးနှံ/ပန်းမန်/ပျိုးပင်နှင့် မျိုးစေ့များ)၊ ဆေးကြော/ထုပ်ပိုးရုံနှင့် အအေးခန်းသိုလှောင်ရုံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတန်ဖိုးမြင့်ထုတ်လုပ်/အအေးခန်းစက်ရုံ၊ အအေးခန်း(သစ်သီးဝလံ/ဟင်းသီးဟင်းရွက်)၊ ကုန်တင်ယာဉ်များနှင့် တိုက်ရိုက်ရောင်းဝယ်မည့်နေရာ (ကားစီးရေ-၁၃၂)၊ ထရပ်ကားများ ပစ္စည်းအတင်/အချနေရာ(ကားစီးရေ -၇၂)၊ အဆင့်မြင့်ဈေးရုံ၊ တည်းခိုခန်း၊ ကုန်တင်ယာဉ်ရပ်နားစခန်း၊ စက်သုံးဆီအရောင်းဆိုင်၊ ဝန်ထမ်းအိမ်ရာ၊ သန့်စင်ခန်းနှင့် ရေချိုးခန်း၊ အမှိုက်များဖိကြိတ်စွန့်ပစ်ရုံ၊ ဇီဝဓာတ်ငွေ့လျှပ်စစ်ဓာတ်အားပေးရုံ၊ ရေဆိုးသန့်စင်စက်ရုံ၊ မြေပြင်/မြေအောက် ရေလှောင်ကန်နှင့် ရေသန့်စက်ရုံ၊ လျှပ်စစ်ဓာတ်အားခွဲရုံ၊ ဘဏ်နှင့် အသေးစားငွေချေးလုပ်ငန်း၊ စားသောက်ဆိုင်များ၊ အရည်အသွေးစံချိန် စစ်ဆေးရေးဓာတ်ခွဲခန်းများ ပါဝင်ကြောင်းသိရသည်။

နိုင်ငံတကာအဆင့်မီ ဟင်းသီးဟင်းရွက် ပန်းမန်လက်ကားဈေးသစ်ကြီး (တညင်းကုန်း) တည်ဆောက်ရေးလုပ်ငန်းကို ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်က ပြီးခဲ့သည့်မေလမှစ၍ မြေပြင်တိုင်းတာခြင်း၊ မြေကြီးဖို့ခြင်းစသည့် လုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးထုတ်လုပ်သူများက ဈေးနှုန်းမှန်ကန်စွာ ရရှိစေခြင်းဖြင့် မြန်မာနိုင်ငံလူဦးရေ ၇၀ရာခိုင်နှုန်းရှိသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားများတိုးတက်ရရှိစေရန်၊ စားသုံးသူများ အန္တရာယ်ကင်း၍ လတ်ဆတ်သော ကုန်ပစ္စည်းများကို သင့်လျော်မျှတသော ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်စေရန်၊ ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် ဓာတ်ကြွင်းများပါဝင်ခြင်းမရှိဘဲ စားသုံးသူများကျန်းမာရေးနှင့် ပြည့်စုံသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ စားသုံးခွင့်ရရှိစေရန်၊ သီးနှံများ ပျက်စီးလေလွင့်မှုများ လျော့နည်း၍ စိုက်ပျိုးသူ၊ ရောင်းသူ၊ ဝယ်သူများ၏ ဝင်ငွေနှင့် အသုံးစရိတ်များထိရောက်အကျိုးရှိစေရန်၊ ဈေးကွက်၏ ရောင်းလိုအားနှင့် ဝယ်လိုအားကို ထိန်းညှိ၍ လက်လီလက်ကားဖြန့်ဖြူးမှုစနစ်များ မှန်ကန်မှုရရှိစေရန်၊ လယ်ယာကဏ္ဍ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပိုမိုရရှိလာစေရန်၊ လယ်ယာသီးနှံပြည်ပပို့ကုန်အရေအတွက်နှင့် တန်ဖိုးတိုးတက်လာခြင်းဖြင့် လယ်ယာကဏ္ဍ၏ GDP တိုးတက်လာစေရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ကြောင်းသိရသည်။

"စီမံကိန်းအတွင်းဈေးများဌာနအနေနဲ့ စီမံကိန်းပြီးမြောက်အောင် ပံ့ပိုးကူညီ ဆောင်ရွက်ပေးမယ်။ တင်ဒါခေါ်ယူစဉ်က ပါဝင်ခဲ့တဲ့ စည်းမျဉ်းအရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရဲ့မူအတိုင်း လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုတာတို့ကို ဆောင်ရွက်ပေးရမှာဖြစ်ပြီး အများပိုင်ကုမ္ပဏီအနေနဲ့ ဆောင်ရွက်ပါမယ်"ဟု ၎င်းကဆိုသည်။

ထို့ပြင် နိုင်ငံတကာအဆင့်မီလက်ကားဈေးကြီးဖြစ်သည်နှင့်အညီ ပြည်တွင်းပြည်ပမှ ထုတ်ကုန်များကို စုစည်းခြင်း၊ လေလံတင်ရောင်းဝယ်မှုနှင့် ညှိနှိုင်းရောင်းဝယ်မှုအပေါ် အခြေခံ၍ သင့်တင့်မျှတသောဈေးနှုန်းကို သတ်မှတ်ပေးခြင်း၊ ဝယ်ယူသူများသို့ ထုတ်ကုန်များဖြန့်ဝေပေးခြင်း၊ စည်းမျဉ်းနှင့်အညီ ငွေပေး/ငွေယူဆောင်ရွက်ခြင်း၊ တစ်နေရာတည်းတွင် ထုတ်ကုန်ပမာဏအမြောက်အမြား ရောင်းဝယ်ခြင်းအားဖြင့် ဖြန့်ဖြူးမှုကုန်ကျစရိတ်ကို လျှော့ချပေးနိုင်ခြင်း၊ ထုတ်ကုန် အဝင်/အထွက် စာရင်းနှင့် လက်ကားဈေးနှုန်းများကို လျင်လျင်မြန်မြန် ထုတ်ပြန်ပေးခြင်း၊ ဈေးအတွင်း သန့်ရှင်းသပ်ရပ်မှု ရှိရန်နှင့် ထုတ်ကုန်များ ကျန်းမာရေးနှင့်ညီညွတ်မှုရှိရန် စစ်ဆေးဆောင်ရွက်ခြင်း၊သန့်ရှင်းလတ်ဆတ်သော သုံးစွဲရေနှင့် သန့်ရှင်းသည့်သောက်သုံးရေ အလုံအလောက်ရရှိနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ လေကောင်းလေသန့် အစဉ်ရရှိရေးအတွက် စွန့်ပစ်ပစ္စည်းများ ရှင်းလင်းရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆေးကြောရေလုံလောက်စွာရရှိနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ နေ့၊ ည ၂၄ နာရီ ဖွင့်လှစ်ရောင်းချရသော ဈေးကြီးဖြစ်သည်နှင့်အညီ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ် ပြည့်ဝစွာရရှိရေး ဆောင်ရွက်ပေးခြင်း စသည့် ဝန်ဆောင်မှုများကိုလည်းစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ရီရီမြင့်၊ ဥမ္မာသန့်)**

# ဒီဇင်ဘာ ခရစ္စမတ်ပွဲတော်နှင့် စိန့်ဂျိုးဇက်ဘုရားကျောင်း

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ဒီဇင်ဘာ ၂၄ ရက် ည ၁၂ နာရီအချိန်။ "ကောင်းကင်ဘုံ၌ ဘုရားသခင်က ဘုန်းတော် ဂုဏ်တော်ရှိစေသတည်း၊ မြေကြီးပေါ်၌လည်း စိတ်ကောင်း နှလုံးကောင်းရှိသူတို့က ငြိမ်းချမ်းသာယာခြင်း ရှိစေသတည်း။"

နှစ်ပေါင်း ၆၀ ကျော်သက်တမ်းရှိ စိန့်ဂျိုးဇက်ခရစ်ယာန်ဘုရားကျောင်းအတွင်းမှ ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါး ရွတ်ဆိုလိုက်သည့် ဓမ္မတေးသံနှင့်အတူ မရှေးမနှောင်းမှာပင် ခေါင်းလောင်းထိုးသံများနှင့် ဓမ္မတေးသီချင်းသီကျူးသံများက သင်္ဃန်းကျွန်းမြို့နယ်၏ တိတ်ဆိတ်သော ဆောင်းရာသီ၏ ညကို ထိုးဖောက်ကာ ပတ်ဝန်းကျင်တစ်ခွင်လုံး ဓမ္မတေးသံများ ဖုံးလွှမ်းသွားစေခဲ့သည်။

"ညသန်းခေါင်ယံကို ရွေးတာက သမ္မာကျမ်းစာမှာက ခရစ်တော်က တိတ်ဆိတ်တဲ့ ညအချိန်မှာ မွေးဖွားတယ်။ မှောင်မိုက်တဲ့ကမ္ဘာကြီးကို အလင်းပေးသောသူလို့ အဲဒီအဓိပ္ပာယ်ပေါ်လွင်အောင်လည်း ပါတယ်။ ပတ်ဝန်းကျင် တိတ်ဆိတ်တဲ့အခါ အားလုံးဝတ်ပြုလို့ရအောင် ရွေးလိုက်တာပါ" ဟု စိန့်ဂျိုးဇက်ဘုရားကျောင်းမှ ဖာသာရ်ဆိုင်းမွန်းက ပြောသည်။

လွတ်လပ်ရေးရပြီး ခုနစ်နှစ်အကြာ ၁၉၅၄ ခုနှစ်တွင်တည်ဆောက်ခဲ့သည့် အဆိုပါ ဘုရားရှိခိုးကျောင်းကြီးသည် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် (ခ)ရပ်ကွက်ရှိ လွတ်လပ်ရေးလမ်းနှင့် သီရိမာလာလမ်းဆုံရာတွင် တည်ရှိကာ ခရစ်ယာန်ဘာသာဝင် တမီလ်၊ ကရင်၊ ချင်း၊ဗမာအစရှိသည့် လူမျိုးပေါင်းစုံ လာရောက်ဝတ်ပြု ကိုးကွယ်သည့် ကက်သလစ်ဘုရားရှိခိုးကျောင်းကြီးဖြစ်ကြောင်း သိရသည်။

"စိန့်ဂျိုးဇက်မှာ Sweet December ခရစ္စမတ်ရာသီပွဲတော် စတာနဲ့ တောင်ဥက္ကလာနဲ့ သင်္ဃန်းကျွန်းက ဆက်နေတော့ လူငယ်တွေက ခရစ္စမတ်သီချင်းတွေကို မိတ်ဆွေတွေ အိမ်သွားပြီးဆိုကြတာပါ။ အနီးကပ်ကျင်းပတာက ဒီဇင်ဘာ ၂၄ ရက်နေ့ပါ။ အဲဒီနေ့မှာ ပွဲတော်မှာပါဝင်ဖို့ လူတွေက မိမိရဲ့အပြစ်တွေကို ခွင့်လွှတ်ခြင်းရဖို့ ဘုန်းတော်ကြီးဆီမှာ ညနေ ၄ နာရီလောက်ကနေစပြီး တစ်ကြိမ်၊ ည ၁၀ နာရီမှာတစ်ကြိမ် ကောင်းချီးမင်္ဂလာတွေ လာခံယူကြတယ်။ တစ်ဦးချင်းအပြစ်တွေပြောပြီး ခွင့်လွှတ်ခြင်းတွေ ယူကြတာပေါ့။ အားလုံး အဆင်သင့်ဖြစ်တဲ့အချိန် ဒီဇင်ဘာ ၂၄ ရက် ညသန်းခေါင်ယံအချိန်မှာ မိဿာပူဇော်ခြင်းလို့ခေါ်တဲ့ ခရစ္စမတ်ပွဲကိုစတင်တယ်" ဟု ဖာသာရ် ဆိုင်းမွန်းကပြောသည်။

အခမ်းအနားစတင်ချိန်မတိုင်ခင် ကလေးငယ်များက Carol သီချင်းများ၊ သမ္မာကျမ်းစာပါ အချက်အလက်များကို ရွတ်ဆိုခဲ့ကြပြီး ခရစ္စမတ်ပြဇာတ်ကို သရုပ်ဖော်တင်ဆက်ကပြကြရာ ခရစ်တော်မွေးဖွားခြင်းကို သတိရစေခဲ့သည်။

ဘုန်းတော်ကြီးက သမ္မာကျမ်းစာပါအကြောင်းအရာများ ဟောပြောပေးပြီး ခရစ်တော်လက်ထက်ကတည်းက ကျင့်သုံးခဲ့သည့် မုန့်နှင့် စပျစ်ရည်ကို ဘုရားရှင်အား ဆက်ကပ်ပူဇော်ကြပြီးနောက် ခရစ္စမတ်သီချင်းကို သီဆိုကြ၍ အချင်းချင်းနှုတ်ဆက်ခြင်း၊ လက်ဆောင်များပေးခြင်းတို့ဖြင့် ညသန်းခေါင်ယံခရစ္စမတ်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့သည်။

"ခရစ္စမတ်ဘိုးဘိုးကြီးများ တိတ်တိတ်ကလေးလက်ဆောင်လာထားမလားဆိုပြီး မအိပ်ဘဲစောင့်ခဲ့တဲ့ ငယ်ငယ်က အကြောင်းကို ပြန်တွေးရင် ခုထိပြုံးမိနေတုန်းပဲ။ ခရစ္စမတ်သစ်ပင်မှာ ချိတ်ထားတဲ့ လက်ကိုင်ပဝါလေး လက်ဆောင်ရခဲ့တာကို ခုထိတမ်းတမိနေတုန်းပဲ" ဟု သင်္ဃန်းကျွန်းမြို့နယ်တွင်နေထိုင်သည့် အသက်(၄၀) အရွယ် ခရစ်ယာန်ဘာသာဝင် ဒေါ်လှလှက ဆိုသည်။

စိန့်ဂျိုးဇက် ဘုရားကျောင်း၌ ဒီဇင်ဘာ ၂၅ ရက် မနက်ပိုင်းတွင်လည်း ဝတ်ပြုဆုတောင်းခြင်းအခမ်းအနားကိုကျင်းပကြောင်း သိရသည်။

အေးချမ်းလှသည့် ဒီဇင်ဘာဆောင်းရာသီနှင့်အတူ ပျော်ရွှင်ဖွယ် ခရစ္စမတ်ည၏ ဘုရားကျောင်းများမှ သာယာနာပျော်ဖွယ် ဓမ္မတေးသံသာများက လူသားအားလုံး၏ စိတ်နှလုံးကို ငြိမ်းချမ်းခြင်း၊ ပျော်ရွှင်ခြင်းကို ဖြစ်စေခဲ့သည်။

"ဘာသာတရားက မေတ္တာတရားပေါ်မှာ အခြေခံပြီး လူမျိုးပေါင်းစုံညီအစ်ကို မောင်နှမလိုဖြစ်သွားတာပါ။ ဘာသာတရားက အလွှာပေါင်းစုံကို စုရုံးနိုင်တယ်။ ဘယ်ဘာသာမဆို မေတ္တာတရားကို အခြေခံရင် အားလုံးညီအစ်ကိုမောင်နှမတွေပါပဲ"ဟု ဖာသာရ်ဆိုင်းမွန်းကဆိုသည်။

**(သီသီမင်း)**

# ဖြည့်တွင်းရေးရာ

❖ ကျောဖုံးမှ

ပေးဝေမျှတသောက်သုံးခဲ့ကြရသည့် ရေချိုရှားဒေသတစ်ခုလည်း ဖြစ်သည်။ “ထမင်းစျေးမြို့၊ ထမင်းဆိပ်မြို့” စသည်ဖြင့် အမည်နာမ အမျိုးမျိုးဖြင့် ထင်ရှားသည့် ဖျာပုံသည် မွန်တိ၊ မွန်စ၊ မွန်ညဟူသော မွန်မျိုးနွယ်စုဝင်များ၏ ဘိုးစဉ်ဘောင်ဆက် ဘေးလက်ထက်ကပင် ရေချိုမရခဲ့ပေ။ “စံရာကသိုင်း၊ မြန်မာတိုင်းဟု တလိုင်းသုံးရပ်၊ မုတ္တမကျော်လှိုင် မော်လမြိုင်၊ ထားဝယ်တသွယ် ရေမြုပ်ကုလားထိပ်မော်တင်၊ ပင်လယ်ကျောက်ဖြူ ဇမ္ဗူမတိမ် ပုသိမ် မြောင်းမြ၊ ဒလမကျန် တစ်ဖန်ပဲခူး မြို့ရိုးမြို့တာ ဥက္ကလာနာဂရ” စသည့် မွန်လူမျိုးများ၏ ရာမညတိုင်း ၃၂ မြို့တွင် တစ်မြို့အပါအဝင်ဖြစ်ရာ ခရစ်သက္ကရာဇ် ၁၅၃၈ ခုနှစ် တပင်ရွှေထီးမင်းနှင့် သုရှင်တကာရွတ်ပိတို့ စစ်မက်ဖြစ်ပွားစဉ်ကလည်း ရေချိုရသော ဒေသတစ်ခုမဟုတ်ခဲ့ပေ။

ယခုသော်တမူ ဆယ်စု၊ ရာစု၊ ထောင်စုနှစ် အဆက်ဆက်တောင်းတခဲ့ရသည့် ရေချိုအတွက် မျှော်လင့်ချက်မနက်ဖြန်များ မပီဝိုးတဝါးအဆင့်မှ ပီပြင်ကြည်လင်သည့်အဆင့်သို့ မကြာမီရောက်ရှိလာတော့မည်ဖြစ်သည်။ လက်ရှိဖျာပုံမြို့နယ်၏ ရေချိုသုံးစွဲမှုစနစ်အရ ကိုယ်ပိုင်အစီအစဉ်၊ မြေသားမိုးရေလှောင်ကန်ဖြင့် မြို့ရေပေးဝေရေး အစီအစဉ်များဖြင့် ကောင်းသည်ထက်ကောင်းအောင် ကြိုးစားစီစဉ်ဆောင်ရွက်ပေးခဲ့သော်လည်း တစ်နှစ်ထက်တစ်နှစ် အခါအားလျော်စွာတိုးပွားလာသည့် လူဦးရေ၊ အခြားသက်ရှိ၊ ကျွဲ၊ နွား တိရစ္ဆာန်များ၏ သောက်သုံးမှုနှင့် အယ်လ်နီညိုကဲ့သို့သော ပုံမှန်မဟုတ်သည့် သဘာဝလွန်ပူပြင်းခြောက်သွေ့သော ရာသီဥတုဖြစ်စဉ်၏ အကျိုးသက်ရောက်မှုကြောင့် ပုံမှန်ထက် ပိုမိုသောက်သုံးရသည့် အခြေအနေများရှိလာခဲ့သဖြင့် မြို့၏ သောက်သုံးရေကိစ္စကိုအဖြေရှာစဉ်းစားရန် တာဝန်ရှိသူများ က အလေးအနက်ထား စီမံလာကြရသည်။

ဖျာပုံမြို့၏ သုံးရာသီရေအကြောင်းပြုခက်ခဲမှုများမှာ လျော့ပါးသက်သာစေရေးနှင့် မြို့သူမြို့သားများ၏ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေရေး၊ ရေအာဟာရ(ရေဓာတ်) အပြည့်အဝရရှိသုံးစွဲနိုင်စေရေးအတွက် လက်ရှိနှင့် အနာဂတ်မျှော်မှန်းချက်များအား အကောင်အထည်ဖော်မှုတစ်ရပ်ဖြစ်သည့် ဖျာပုံမြစ်ရေ(ရေငန်)အား ခေတ်မီနည်းပညာဖြင့် သန့်စင်၍ မြို့ရေပေးရေးလုပ်ငန်းစီမံကိန်းတစ်ခု စတင်ဆောင်ရွက်နေမှုကို လူထုသို့ချပြသည့် အခမ်းအနားတစ်ရပ်အား ဖျာပုံခရိုင် ဖျာပုံမြို့နယ် စည်ပင်သာယာရေးကော်မတီက အခိုက်ကြီးကြပ်၍ ပြီးခဲ့သည့် ဒီဇင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် ဖျာပုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ရေပေးရေးစီမံကိန်းနှင့်ပတ်သက်၍ JICA မှ (ODA Loan) အစီအစဉ်ဖြင့် ငွေအား၊ ပညာရှင်အား၊ နည်းပညာအားများပါ ပေါင်းစပ်၍ ကောင်းမြတ်စွာ လာရောက်ဆောင်ကြဉ်းပေးမှုအပေါ် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ချစ်ကြည်သွေးစည်းမှု၏ အပေါင်းလက္ခဏာဆောင်သော ကောင်းကျိုးများဖြစ်ကြောင်း၊ ရေပေးရေးစီမံကိန်းတွင် လိုအပ်သော ပံ့ပိုးကူညီပေးမှုသည် ရေဒါန၊ ရေအလှူတစ်ခုကဲ့သို့ဖြစ်ပါကြောင်း၊ သို့အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ယခုလက်ရှိ ဆောင်ရွက်နေသည့် မြို့ရေပေးရေးလုပ်ငန်းစဉ်အဆင့်ဆင့်မှာလည်း စ၊ လယ်၊ ဆုံး ချောမောစွာ အောင်မြင်၍ အကျိုးရှိသော ရလဒ်ကောင်းများရရှိရန် မျှော်လင့်ပါကြောင်း စသည်ဖြင့် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူးဦးစိုးတင့်က အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ဖျာပုံခရိုင် ဖျာပုံမြို့နယ်သည် မြန်မာနိုင်ငံတောင်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသ တောင်ဘက်အကျဆုံးနေရာတွင် တည်ရှိပြီး အရှေ့လောင်ဂျီတွဒ် ၉၀ ဒီဂရီ ၃၀ မိနစ်မှ ၉၅ ဒီဂရီ ၄၅ မိနစ်အတွင်းနှင့် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၀ မိနစ်မှ ၁၆ ဒီဂရီ ၂၅ မိနစ်အတွင်းတည်ရှိကာ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်၌ပါဝင်ပြီး အရှေ့ဘက်တွင် ဖျာပုံမြစ်ခြားလျက် ဒေးဒရဲမြို့နယ်၊ အနောက်ဘက်တွင် ဘိုကလေးမြို့နယ်၊ တောင်ဘက်တွင် မုတ္တမပင်လယ်ကွေ့နှင့် မြောက်ဘက်တွင် ကျုံတာမြစ်ခြားလျက် ကျိုက်လတ်မြို့နယ်၊ ဘိုကလေးမြို့နယ်များနှင့် ဆက်စပ်လျက်ရှိသည်။ ဧရိယာစတုရန်းမိုင် ၂၆၇ ဒသမ ၇၀၊ ဧကအားဖြင့် ၁၇၁၃၃၀၊ အရှေ့နှင့်အနောက် ၁၃ ဒသမ ၀၆၈ မိုင်၊ တောင်နှင့်မြောက် ၂၈ ဒသမ ၉၇၇ မိုင်ခန့်ရှိကြောင်း ၂၀၁၂ ခုနှစ်ထုတ်



ဖျာပုံမြို့၏ နံနက်ခင်း မြင်ကွင်းအလှကို တွေ့ရစဉ်။

ဖျာပုံခရိုင်ပြန်တမ်းအရ သိရသည်။ ဖျာပုံမြို့၏ လက်ရှိမြို့ပေါ်လူဦးရေမှာ ပြီးခဲ့သည့် နိုဝင်ဘာလအထိ ၄၇၃၂၅ ဦးရှိပြီး ရေငန်ဝင်ဒေသဖြစ်၍ တောင်ပိုင်းရှိ ကန်တော်ကြီး မြေသားမိုးရေလှောင်ကန်နှင့် မြောက်ပိုင်းချောင်းတွင်းကန်များမှ မိုးရေအားအဓိကထား သောက်သုံးကြရကြောင်း သိရသည်။

“ကျွန်မတို့ ကုမ္ပဏီက စည်ပင်သာယာရေးကော်မတီနဲ့ သဘောတူညီမှုရယူပြီး JICA က နည်းပညာရှင်တွေနဲ့ ချိတ်ဆက်ကာ စနစ်တကျ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ လက်ရှိဆောင်ရွက်နေမှုအပေါ်မှာလည်း Project Design Plan, Drawing နဲ့ Estimate ကိစ္စတွေကို အသေးစိတ် Detail ကျကျလေ့လာပြီး ဆောင်ရွက်ထားတာဖြစ်ပါတယ်။ ကျွန်မတို့က လုပ်ရမယ့်လုပ်ငန်းအပေါ်မှာ စေတနာစိုက်ထည့်ပြီး လုပ်ပေးနေတာဖြစ်ပါတယ်။ အဓိကကျတဲ့အပိုင်းတွေဖြစ်တဲ့ Water Tank, Water Pump တပ်ဆင်တဲ့ကိစ္စတွေနဲ့ Water Clearning က ပြုလုပ်တဲ့အပိုင်းစတဲ့ Water Supply Program တွေကို သတ်မှတ်စံချိန်စံညွှန်းမူဘောင်တွေနဲ့အညီ ဆောင်ရွက်ပေးသွားမှာပါ”ဟု Diamond Wal Co.,Ltd. Project Director ဒေါ်အိမြတ်မွန်က ရှင်းလင်းပြောကြားသည်။

အဆိုပါ မြို့ရေပေးရေးလုပ်ငန်းစီမံကိန်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ လုပ်ငန်းရှင်များကလည်း ယခုကဲ့သို့ စီမံကိန်းအကောင်အထည်ဖော်နေမှုနှင့် ပတ်သက်၍မြို့နေလူထုအတွက် အကျိုးသက်ရောက်မှုရှိနိုင်သည့်အချက်၊ အကျိုးမရှိနိုင်သည့်အချက်များ နှိုင်းယှဉ်ဆွေးနွေးထောက်ပြခဲ့ကြသည်။

“ထလော့ မြန်မာ၊ အို မြန်မာတို့
တို့ရွာ တို့မြေ၊ တို့ရွာမြေဝယ်
ရေချိုသောက်ရန် မြစ်ချောင်းကန်နှင့်
သီးနှံချိုပျား များလည်းများ၏
များပါလေလည်း တမွဲမွဲနှင့်”

(ဆရာဇော်ဂျီ)

ဖျာပုံမြို့ဖွား ဖျာပုံဇာတိ အမျိုးသားစာဆိုဆရာကြီးဇော်ဂျီ၏ ကဗျာထဲမှ တစ်ပိုင်းတစ်စကို ပြန်လည်ကြားယောင်မိသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ရေမြေသယံဇာတအမျိုးမျိုးနှင့် သီးပင်စားပင်များ အမြောက်အမြားရှိသော်လည်း နည်းပညာ(သို့မဟုတ်)စေတနာ(သို့မဟုတ်)စနစ်စသည်ဖြင့် အမှားအယွင်း တစ်စုံတစ်ရာကျင့်သုံးမိပါက နှောင့်နှေးတတ်ကြောင်း၊ ဆုတ်ယုတ်တတ်ကြောင်းအား ဒဿနအတွေးပါပါ ထောက်ပြထားခြင်းကလည်း အတုယူအံ့ဩလောက်စရာ လက်ရှိဆောင်ရွက်လျက်ရှိသော မြို့ရေပေးရေစီမံကိန်းကြီး အောင်မြင်အကျိုးရှိစွာ ပြီးစီးစေရန် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းအဖြေရှာပါဝင်ပေါင်းစပ်ကြရပါမည်။

ဖျာပုံမြို့သည် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးကဲ့သို့သော မြို့ကြီးများမဟုတ်သကဲ့သို့ လျှပ်စစ်ဓာတ်အားသတ်မှတ်ပမာဏပင် အမြဲတမ်းအပြည့်အဝရရှိရန်ခက်ခဲသည်။ ဖျာပုံမြို့တွင် ယခုကဲ့သို့ လျှပ်စစ်ဓာတ်အားများစွာ အသုံးပြုရမည့် စက်ယန္တရားများ တပ်ဆင်အသုံးပြုမည်ဆိုပါက မီးအားအတွက် အခက်အခဲရှိနိုင်ကြောင်း၊ လုပ်ငန်းလည်ပတ်မှုအတွက် နှောင့်နှေးကြန့်ကြာမှုများလည်းရှိနိုင်ကြောင်း သို့အတွက် လုပ်ငန်းအဆက်မပြတ်စေရန်လည်ပတ်နိုင်သည့် မီးစက်ကြီးများလည်း စီစဉ်ထားရန်လိုအပ်ကြောင်း လုပ်ငန်းရှင်တစ်ဦးက ၎င်း၏ အတွေ့အကြုံပေါ်မူတည်၍ သုံးသပ်ပြောကြားသကဲ့သို့ ဖျာပုံပြည်သူ့ဆေးရုံမှ ဆေးရုံအုပ် Dr. မေသူဇော်ကလည်း ကျန်းမာရေးနှင့် ဆေးပညာရှုထောင့်မှ တင်ပြသင့်သည်များ သုံးသပ်အကြံပြုခဲ့သည်။

“ဝမ်းသာလိုက်တာကွယ်၊ အမေတို့ဖြင့် လူမှန်းသိတတ်စကတည်းက ရေအတွက် ပူလိုက်ရတဲ့အပူ၊ ကြည့်လေအိမ်တိုင်းလိုလို ရာဝင်အိုးတွေ(စဉ့်အိုးတွေ)တန်းစီနေတာသာ ကြည့်တော့။ အခုတော့ ရေအတွက် ရတက်အေးရတော့မယ်။ ဆန်မရှိတာချေးသုံးလို့ရတယ်။ ရေမရှိတာကမှ အခက်။ မြို့ရေပေးတဲ့ စီမံကိန်းကြီးအောင်မြင်ပါစေ။ ရေအသက် တစ်မနက်ကွယ့်။ အများအတွက် လုပ်တာ အောင်မြင်မှာပါကွယ်။”ဟု ဖျာပုံမြို့(၁၀)နာရီစျေးမှ မျှင်ငါးပိနှင့် ငါးခြောက်ရောင်းသည့် အသက် (၇၀)ခန့်ရှိ အဘွားတစ်ဦးကပြောသည်။

ဖျာပုံခရိုင် ဖျာပုံမြို့နယ်သည် မြန်မာနိုင်ငံ၏ တောင်ဘက်အကျဆုံး အပိုင်းတွင် တည်ရှိပြီး မုတ္တမပင်လယ်ကွေ့ ပင်လယ်ပြင်နှင့် ၁၂ မိုင်ခန့်သာ ကွာဝေးပြီး ရေတွင်း၊ရေတုံကင်များလည်းတူးဖော်ဆောင်ရွက်၍ မရရှိသဖြင့် နှစ်ရှည်လများ မိုးရေသောက်သုံးနေရမှုအတွက် ပိုမိုအဆင်ပြေစေရေး ယခုကဲ့သို့ JICA မှ (ODALoan) အစီအစဉ်ဖြင့် အကောင်အထည်ဖော်ပေးနေမှုအပေါ် Diamond Wall Co.,Ltd. မှ တာဝန်ယူတည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။ စီမံကိန်းလျာထားချက်များအရ တစ်နေ့လျှင် သန့်စင်ပြီး ရေချိုပမာဏဂါလန်ခြောက်သိန်းအား မြို့ပေါ်ရှိသတ်မှတ်ရေစစ်ကန်၊ ရေစုကန်များမှတစ်ဆင့် ရပ်ကွက်အရေအတွက် ၁၃ ခုမှ အိမ်ခြေ ၄၀၇၀ ရှိ စီမံကိန်းလျာထားသူဦးရေ ၂၅၃၀၀ တို့အား အချိုးကျပေးဝေသွားမည်ဖြစ်ကြောင်းသိရသည်။

“ဘဲအုပ်မှာ တစ်ရာနှစ်ရာ
မဗေဒါက တစ်ပင်ထဲ
အယက်အကန်ခံလို့
ဗေဒါပျံ့အံကိုခဲ
ပန်းပန်လျက်ပဲ။”

(ဆရာဇော်ဂျီ)

မည်သို့ပင်ရှိစေ ဧရာဝတီ၏ ရင်ခွင်ပိုက်မြို့တော်ဖြစ်သည့် ပင်လယ်စပ်မြို့တော် ဖျာပုံကား မိုးရာသီနှင့်ရင်းနှီး မိုးရေဖြင့်ကြီးပြင်းခဲ့ရသော်လည်း မည်သည့်လောကဓံကိုမှမှုပုံမပေါ်။ “သန္တုဋ္ဌိစ”ရသလောက်နှင့်ရောင့်ရဲတတ်သည့် အလေ့အကျင့်ကောင်းများနှင့် နှစ်ရှည်လများအသားကျနေတတ်ခဲ့ပြီဖြစ်သည်။

ဗေဒါပျံ့ အံကိုခဲ ပန်းပန်လျက်ပဲ မဟုတ်ပါလား။

✻ ကားတင်သွင်းခွင့်မှ

ကျွန်တော့်လိုပဲ အစိုးရဝန်ထမ်း အရာရှိတစ်ယောက်လည်း ပါမစ်မရလို့ စိတ်ဆိုးပြီး ပြန်သွားတာ တွေ့ရတယ်။ သူလည်းပဲ သူ့ခြံထဲမှာ ကားရပ်ဖို့နေရာရှိရဲ့သားနဲ့မရတာ။ အဲဒီတော့ အပြင်မှာ ကားပါကင်ပါမစ်က ၁၅ သိန်းကျော်တောင် ဝယ်မရချင်ဘူး။ မှောင်ခိုစျေးကွက်၊ ပွဲစားနဲ့လုပ်ရင် ရတယ်လို့ပြောတယ်။ ဒါ ဘာသဘောလဲပေါ့ဗျာ။ ကျွန်တော်လည်း ပြန်ကြားရေးက သတင်းနဲ့စာနယ်ဇင်းက ဝန်ထမ်းဟောင်းပါပဲ။ ကိုယ်ပိုင်အမည်ပေါက်လေးနဲ့ မှန်မှန်ကန်ကန်ဖြစ်ချင်လို့ လျှောက်တာ၊ ကားထားဖို့ ကိုယ်ပိုင်နေရာရှိရဲ့သားနဲ့ အခြားသူဆီက ပါမစ်ဝယ်သုံးရမယ်ဆိုတော့ အလုပ်မဟုတ်ဘူးထင်တယ်။ ဒါနဲ့ပတ်သက်ပြီး မျှတမှုမရှိဘူး၊ ပွင့်လင်းမြင်သာမှု မရှိဘူးလို့ မြင်တယ်။ ဘယ်လိုမူဝါဒစံနှုန်းတွေနဲ့ပါမစ်ချထားပေးသလဲ။ ဒီပါမစ်မရတဲ့အတွက် ကျွန်တော်ကားဝယ်လို့လည်းမရသေးပါဘူး။ အခုကားသွင်းဖို့ မူဝါဒအသစ် ကြေညာချက်ထုတ်လိုက်တာကြောင့်လည်း ကားပါကင်ပါမစ်က ပိုခက်သွားပြီ။ စျေးကလည်း တက်သွားပြီ။ မူဝါဒတစ်ခုပြောင်းတာ တိုင်းပြည်အတွက်ဆိုရင် ကောင်းပါတယ်။ မသမာသူတွေကြောင့် ပြည်သူလူထုပဲ အောက်ခြေမှာ ခံနေရတာကတော့ မဟုတ်သေးဘူး” ဟု မြောက်ဥက္ကလာပမြို့နယ်တွင် နေထိုင်သူ ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းဟောင်းတစ်ဦးဖြစ်သူ ကိုသီဟက ပြောသည်။

ရန်ကုန်မြို့တွင် မော်တော်ယာဉ်များ များပြားနေမှုကြောင့် ယာဉ်သွားလာမှု ကျပ်တည်းနေသည့်အပေါ် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခွင့်မူဝါဒအပြောင်းအလဲ၊ ယာဉ်ရပ်နားရန်နေရာပါရှိမှသာ တင်သွင်းခွင့်ပြုသည့် (ကားပါကင်ပါမစ်)စနစ် စသည်ဖြင့် ဆောင်ရွက်နေမှုများသည် သက်ဆိုင်ရာအနေဖြင့် ရေရှည်မြို့ပြယာဉ်လမ်းကြောစနစ်များကို ရှေးရှုဆောင်ရွက်ခြင်းဖြစ်သော်လည်း မူဝါဒအပြောင်းအလဲများအပေါ်တွင် မသမာမှုများ၊ အဂတိလိုက်စားမှုများရှိနေသည်ဟု သိရသည်။ ထို့အပြင် ရန်ကုန်မြို့ပြယာဉ်ကြော ကျပ်တောက်မှုသည် မြို့ပြအနေအထား၊ အကျယ်အဝန်း၊ ယာဉ်သုံးစွဲမှုပမာဏ၊ လူဦးရေတို့နှင့် နှိုင်းယှဉ်ပါက မော်တော်ယာဉ်များပြားလွန်းခြင်းကြောင့် မဟုတ်ဘဲ ယာဉ်သွားလာမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ်၊ စည်းကမ်းမဲ့ မောင်းနှင်မှု၊ ရပ်တန့်မှု၊ ထိရောက်သော အရေးယူမှုစနစ် အားနည်းမှုများ၊ ခေတ်မီယာဉ်ထိန်းနည်းပညာနှင့် စက်ကိရိယာများ အသုံးမပြုနိုင်မှု၊ ယာဉ်ထိန်းအင်အား လိုအပ်မှု၊ မလိုလားအပ်ဘဲ ဖားခုန်ခုန်နေသကဲ့သို့ တစ်ကြောင်းထိုး ခုံးကျော်တံတားများ တည်ဆောက်အသုံးပြုနေမှုတို့ကြောင့် ဖြစ်ပြီး လမ်းကျဉ်း၊ လမ်းသွယ်၊ လမ်းအကျယ်အလိုက်၊ ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက် ယာဉ်ရပ်နားရန်နေရာ သတ်မှတ်ချက်များ စနစ်တကျထားရှိခဲ့ခြင်းမရှိဘဲ အထပ်မြင့်တိုက်များ အများအပြားဆောက်လုပ်ခဲ့မှု၊ တက္ကစီများ ရပ်တန့်ရန်၊ ဘတ်စ်ကားများ ရပ်တန့်ရန် စသည်ဖြင့် ယာဉ်ရပ်တန့်ရန်နေရာဖော်ဆောင်ပေးမှု၊ ဖြေရှင်းပေးမှုများ အားနည်းမှု၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် အားမကောင်းမှုတို့အပြင် လမ်းမပေါ် စည်းကမ်းမဲ့ စျေးရောင်းချခြင်းတို့ကြောင့်သာ အဓိကဖြစ်ပေါ်နေရခြင်းဖြစ်သည်ဟု ရန်ကုန်မြို့ပြရေးရာ ကျွမ်းကျင်သူ မြို့ပြအင်ဂျင်နီယာများက ပြောသည်။

“ကားပိတ်တာကတော့ ပိုပိုဆိုးလာနေတာပဲ။ ကားပိတ်ရင် ကားတွေ တအားသွင်းလို့လို့ ပြောကြတယ်။ သွင်းတာလည်းဟုတ်ပါတယ်။ များလာတာလည်းဟုတ်ပါတယ်။ များလွန်းနေတာတော့ မဟုတ်ပါဘူး။ ဖြေရှင်းလို့ရနိုင်ပါတယ်။ ရန်ကုန်မှာတင် ကားလိုအပ်ချက်ရှိနေတယ်။ နယ်တွေမှာဆိုရင် ပိုဆိုးတယ်။ ကားမရှိလို့ ဆိုင်ကယ်တွေ သုံးနေရတယ်။ ကားမဝယ်နိုင်လို့ ကားတစ်စီးစာ စျေးနှုန်းလောက်ရှိတဲ့ ထော်လာတွေ၊ နောက်ပြီး လိုက်ထရပ်တွေ သုံးနေရတယ်။ လုံခြုံမှုအပြည့်မရှိတဲ့ယာဉ်တွေကို သုံးနေရတယ်။ ရန်ကုန်မှာဆိုရင်လည်း တစ်ပတ်ရစ်ကားကိုပဲ စျေးကြီးပေးစီးနေရတယ်။ ကားပါကင်ပါမစ်ရှိမှ ကားသွင်းလို့ ရမယ်ဆိုပြီး ကန့်သတ်ချက် စလုပ်လိုက်တော့လည်း မီဒီယာတွေမှာ ဖော်ပြတာရေးတာ တွေ့ရတယ်။ မှန်မှန်ကန်ကန် ပါမစ်ချထားပေးမှာလားပေါ့။ နောက်ဆုံးတော့ ကိုယ်တိုင်ဝယ်ပြီး ကိုယ်တိုင်စီးချင်လို့ ကိုယ်ပိုင်နေရာရှိတဲ့သူတွေ ကားပါကင်ပါမစ် မရဘူး။ ဘယ်သူတွေက ဘယ်လိုရမှန်းမသိတဲ့ ပါမစ်တွေကို ဝယ်သုံးနေရတယ်။ ဒါတွေကို သက်ဆိုင်ရာ လူကြီးမင်းတွေ သိရှိပြီး ကားလောကရဲ့ အဓိက အခြေခံလိုအပ်ချက်တွေကို ဖြေရှင်းပေးသင့်တယ်။ ကျွန်တော်တို့ကတော့ ကားမူဝါဒ အပြောင်းအလဲအပေါ် ဘာမှမပြောချင်ပါဘူး။ နိုင်ငံရဲ့ ယာဉ်ကြောစနစ်နဲ့ ကိုက်အောင်၊ နှစ်ပေါင်းများစွာ မှားပြီးသုံးလာတဲ့ စနစ်အပေါ် အခုတဖြည်းဖြည်းချင်းပြောင်းလဲသွားမယ်၊ အခိုက်အတန့်အားဖြင့် နစ်နာမှုရှိမယ်ဆိုရင် လက်ခံပါတယ်။ ဒါပေမယ့် မသမာသူတွေ၊ ပါမစ်ပွဲစားတွေ၊ စျေးကစားသူတွေရဲ့ ရိုက်စားလုပ်တာ၊ အဂတိလိုက်စားတာတွေကိုတော့ လက်မခံနိုင်ဘူး”ဟု ရန်ကုန်မြို့ခံ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

■

# မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇၂။)**
**၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်**
**(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) **ဓာတ်သတ္တု**ဆိုသည်မှာ မြေထုမှတူးဖော်၍ သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း ရရှိသည့် သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းနှင့် ကျောက်များကိုဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်၊ မြစ်၊ ချောင်း၊ အင်းအိုင်ရှိ ရေအောက်ကြမ်းပြင်နှင့်ရေအောက် မြေမှ တူးဖော်ရရှိသည့် ဓာတ်သတ္တုများလည်း ပါဝင်သည်။"

(ခ) ပုဒ်မခွဲ (ဂ) ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဆ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း လုပ်ငန်းတစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပိုသော လုပ်ငန်းများကို တစ်ပေါင်းတည်းဖြစ်စေ လုပ်ကိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။"

(ဃ) ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဈ) **ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်း** ဆိုသည်မှာ ဓာတ်သတ္တုသိုက် တစ်ခု၏ အမျိုးအစား၊ တည်နေရာ၊ အရွယ်အစား၊ ပုံသဏ္ဌာန်၊ အရည်အသွေးနှင့် ပမာဏတို့ကို သိရှိနိုင်ရန် စမ်းသပ်ခြင်း၊ တိုင်းတာခြင်းတို့ကို ဆိုသည်။"

(င) ပုဒ်မခွဲ (ဈ) ၏နောက်တွင် ပုဒ်မခွဲ (ဈ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဈ-၁) **ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း** ဆိုသည်မှာ ဓာတ်သတ္တု စမ်းသပ်တိုင်းတာခြင်း ပြုလုပ်ပြီးသော ဓာတ်သတ္တုသိုက်တစ်ခုခုကို စီးပွားဖြစ် ထုတ်လုပ်နိုင်ခြင်း ရှိ မရှိ ဆန်းစစ်လေ့လာဆောင်ရွက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မည့် နည်းစဉ်၊ ဆင့်တက်ပြုပြင် ထုတ်လုပ်မည့်နည်းစဉ်၊ စီးပွားဖြစ်ထုတ်လုပ်နိုင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ငွေကြေးတွက်ချက်မှုများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်သည့်စနစ်နှင့် လူမှုရေးအရ ထိခိုက်မှုဆန်းစစ်သည့် စနစ်များလည်း ပါဝင်သည်။"

(စ) ပုဒ်မခွဲ (ည) ၏နောက်တွင် ပုဒ်မခွဲ (ည-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ည-၁) **ဓာတ်သတ္တုရောင်းချခြင်းနှင့်ဝယ်ယူခြင်း** ဆိုသည်မှာ ထုတ်လုပ်သည့် ဓာတ်သတ္တုများကို ရောင်းချခြင်းနှင့်ဝယ်ယူခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်းများကို ဆိုသည်။"

(ဆ) ပုဒ်မခွဲ (ဋ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဋ) **အကြီးစားထုတ်လုပ်ခြင်း** ဆိုသည်မှာ ဓာတ်သတ္တုသိုက်ပမာဏ အပေါ် မူတည်၍ စီးပွားဖြစ်ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိ၍ ရင်းနှီးမြှုပ်နှံမှု အများအပြားလိုအပ်သည့် သို့မဟုတ် အထူးနည်းပညာရပ်နှင့်နည်းစနစ်များ အသုံးပြု၍ စီးပွားရေးလုပ်ငန်းအဖြစ် ၁၅ နှစ် အထက်မှ နှစ် ၅၀ အထိ ခွင့်ပြုချက်ဖြင့် ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုသည်။"

(ဇ) ပုဒ်မခွဲ (ဋ) ၏နောက်တွင် ပုဒ်မခွဲ (ဋ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဋ-၁) **အလတ်စားထုတ်လုပ်ခြင်း** ဆိုသည်မှာ ဓာတ်သတ္တုသိုက် ပမာဏ အသင့်အတင့်ရှိ၍ စီးပွားဖြစ်ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ်အသင့်အတင့် လိုအပ်သည့် သို့မဟုတ် ကန့်သတ်နည်းပညာရပ်နှင့် နည်းစနစ်များအသုံးပြု၍ စီးပွားရေးလုပ်ငန်းအဖြစ် ၁၅ နှစ်အထိ ခွင့်ပြုချက်ဖြင့် ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုသည်။"

(ဈ) ပုဒ်မခွဲ (ဌ)၊ (ဍ)၊ (ပ)၊ (တ) နှင့် (ထ) တို့ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဌ) **အသေးစားထုတ်လုပ်ခြင်း** ဆိုသည်မှာ ဓာတ်သတ္တုဖြစ်ထွန်းမှုပမာဏနည်းပါး၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ်မများသည့် စီးပွားရေးလုပ်ငန်းအဖြစ် သက်တမ်း ၁၀ နှစ်အထိ ခွင့်ပြုချက်ဖြင့် ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုသည်။

(ဍ) **လက်လုပ်လက်စားထုတ်လုပ်ခြင်း** ဆိုသည်မှာ သာမန်လက်သုံးကိရိယာများကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်သော မြင်းကောင်ရေ အားထက်မပိုသည့် စက်ကိရိယာကိုဖြစ်စေ အသုံးပြု၍ ဓာတ်သတ္တု ထုတ်လုပ်ခြင်းကို ဆိုသည်။

(ပ) **ဆင့်တက်ပြုပြင်ခြင်း** ဆိုသည်မှာ ဓာတ်သတ္တုကို အရည်အသွေးအရဖြစ်စေ၊ တန်ဖိုးအရဖြစ်စေ တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် သတ္တုရိုင်းများကို သတ္တုသန့်စင် သို့မဟုတ် သတ္တုစင်များ ဖြစ်လာစေရန် ဆေးကြောခြင်း၊ သန့်စင်ခြင်း၊ ကျိုချက်ခြင်း၊ ချွတ်ခြင်း၊ လျှပ်ကူးခြင်းနှင့်ပုံသွင်းခြင်း လုပ်ငန်းစဉ်များလည်း ပါဝင်သည်။

(တ) **ဦးစီးဌာန** ဆိုသည်မှာ သတ္တုတွင်းဦးစီးဌာနကို ဆိုသည်။

(ထ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။"

၃။ မြန်မာ့သတ္တုတွင်း ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ) ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ဂ) ဓာတ်သတ္တုသယံဇာတပစ္စည်းများနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊"

၄။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄။ အောက်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် လုပ်ငန်းတစ်ရပ်ထက် ပိုမို၍ လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်-

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်း နှင့်ဝယ်ယူခြင်း၊

(ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်တို့ကိုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ဂ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းတို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ဃ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကန့်သတ်ထားသော သတ္တု သို့မဟုတ် စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းတို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက် ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း၊

(င) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းတို့နှင့် စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အလတ်စားထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်းလုပ်ငန်းတို့တွင် အနည်းဆုံး လုပ်ငန်းသုံးရပ်ကို တစ်ပေါင်းတည်း လုပ်ကိုင်ခြင်း၊

(စ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်တို့ကို အလတ်စားထုတ်လုပ်ခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်းလုပ်ငန်း ခွင့်ပြုမိန့်ရရှိထားသော နိုင်ငံသားများသည် စမ်းသပ်တိုင်းတာထားသည့် ဘူမိဗေဒ အစီရင်ခံစာအရ သတ္တုသိုက်ပမာဏနှင့်အရည်အသွေးပေါ် မူတည်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဖက်စပ်လုပ်ကိုင်သည့် အကြီးစားထုတ်လုပ်ခြင်းလုပ်ငန်းသို့ ကူးပြောင်းလုပ်ကိုင်ခြင်း။"

၅။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅။(က) ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ ဆင့်တက် ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်းလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကန့်သတ်ထားသော ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်းလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။"

၆။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်များနှင့် စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစား ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။"

၇။ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ၆ ၏ နောက်တွင် ပုဒ်မ ၆-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"၆-က။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့ကို ဖွဲ့စည်းပေးနိုင်သည်။"

၈။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇။ ဝန်ကြီးဌာနသည် အောက်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် လုပ်ငန်း တစ်ရပ်ထက်ပိုမို၍ လုပ်ကိုင်နိုင်ရန် ခွင့်ပြုမိန့်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပေးရမည် -

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း၊ အကြီးစား ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း။

(ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက် နိုင်စွမ်းလေ့လာခြင်း၊ အကြီးစား ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း။

(ဂ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်း ပစ္စည်း သို့မဟုတ် ကျောက်တို့ကို အလတ်စားထုတ်လုပ်ခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း ခွင့်ပြုမိန့်ရရှိထားသော နိုင်ငံသားများသည် စမ်းသပ်တိုင်းတာထားသည့် ဘူမိဗေဒ အစီရင်ခံစာအရ သတ္တုသိုက်ပမာဏနှင့် အရည်အသွေးပေါ် မူတည်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဖက်စပ်လုပ်ကိုင်သည့် အကြီးစားထုတ်လုပ်ခြင်းလုပ်ငန်းသို့ ကူးပြောင်းလုပ်ကိုင်ခြင်း။"

၉။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈။ ဝန်ကြီးဌာနသည် အောက်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် လုပ်ငန်း တစ်ရပ်ထက်ပိုမို၍ လုပ်ကိုင်နိုင်ရန် ခွင့်ပြုမိန့်ကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးနိုင်သည် -

(က) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်တို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု သို့မဟုတ် စက်မှုတွင်းထွက် ကုန်ကြမ်း ပစ္စည်းတို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ဂ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကန့်သတ်ထားသော သတ္တု သို့မဟုတ် စက်မှုတွင်း ထွက်ကုန်ကြမ်း ပစ္စည်းတို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း၊

(ဃ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်း ပစ္စည်းတို့နှင့် စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အလတ်စားထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက် ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းတို့တွင် အနည်းဆုံး လုပ်ငန်းသုံးရပ်ကို တစ်ပေါင်းတည်း လုပ်ကိုင်ခြင်း၊

(င) ဘူမိဗေဒအချက်အလက်များ ပြည့်စုံပြီး သတ္တုသိုက်ပမာဏနှင့် စပ်လျဉ်း၍ စီးပွားဖြစ် ထုတ်လုပ်နိုင်သော လုပ်ကွက်များကို လေလံစနစ်အရ သီးခြားစည်းကမ်းချက်ဖြင့် လုပ်ကိုင်ခြင်း။"

၁၀။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ ဦးစီးဌာနသည်-

(က) နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းက ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ ဆင့်တက် ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်ခွင့်လျှောက်ထားလာသည့်အပေါ် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ချက်များနှင့် အညီ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။

(ခ) နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းက ဝန်ကြီးဌာနက အမိန့် ကြော်ငြာစာ ထုတ်ပြန်၍ ကန့်သတ်ထားသော ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ခွင့်လျှောက်ထားလာသည့် အပေါ် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ချက် များနှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။"

၁၁။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၀။ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ထားသော သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းသို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့်သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်များနှင့်စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစားထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းများအတွက် ခွင့်ပြုမိန့်ထုတ်ပေးရန် ပုဒ်မ၆ အရ လျှောက်ထားချက်ကို စိစစ်ပြီး ဝန်ကြီးဌာနနှင့်ညှိနှိုင်းသဘောထားရယူ၍ ခွင့်ပြုမိန့်ကို ထုတ်ပေးနိုင်သည်။"

၁၂။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၁။ ဝန်ကြီးဌာနသည် အကြီးစားထုတ်လုပ်ခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ အသေးစားထုတ်လုပ်ခြင်းနှင့် လက်လုပ်လက်စားထုတ်လုပ်ခြင်းဟူ၍ ခွဲခြား သတ်မှတ်ခြင်းကို ပုဒ်မ ၂၊ ပုဒ်မခွဲ (ဋ)၊ (ဋ-၁)၊ (ဌ) နှင့် (ဍ) တို့နှင့်အညီ လုပ်ငန်း သက်တမ်း၊ လုပ်ငန်းလုပ်ကိုင်သည့် ဧရိယာ၊ အကျယ်အဝန်း၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ၊ စက်ယန္တရား၊ စက်ကိရိယာ အသုံးပြုမှုများကို ထည့်သွင်းသတ်မှတ်ရမည်။"

၁၃။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ၁၁ ၏ နောက်တွင် ပုဒ်မ၁၁-က နှင့် ပုဒ်မ၁၁-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၁-က။ ခွင့်ပြုမိန့်ထုတ်ပေးသော ဝန်ကြီးဌာန၊ ဦးစီးဌာန သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ထားသော သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ဓာတ်သတ္တု ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း တို့ကို ခွင့်ပြုမိန့်အရ အဆင့်ဆင့်အောင်မြင်စွာ ဆောင်ရွက်ခဲ့သော လုပ်ငန်းရှင်က ယင်းလုပ်ကိုင်ခဲ့သောနေရာတွင် တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းခွင့်ပြုမိန့် လျှောက်ထားလာလျှင် သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက လုပ်ကိုင်ခွင့်ပြုရမည်။

၁၁-ခ။ ဓာတ်သတ္တုကို ကိုယ်တိုင်မထုတ်လုပ်ဘဲ ခွင့်ပြုမိန့်ဖြင့် ဓာတ်သတ္တု ထုတ်လုပ်သူထံမှတစ်ဆင့် ဝယ်ယူပြီး ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်း လုပ်ကိုင်သူသည် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့်ကို သီးခြားလျှောက်ထားရမည်။"

**စာမျက်နှာ ၁၁ သို့**

စာမျက်နှာ ၁၀ မှ

၁၄။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) ဤဥပဒေအရ ထိုက်သင့်သော ဓာတ်သတ္တုခွန်နှင့် အခြားအခကြေးငွေများကို သတ်မှတ်ချက်များနှင့်အညီ ဓာတ်သတ္တုပစ္စည်း သို့မဟုတ် ငွေသားဖြင့်ပေးဆောင်ရမည်။"

၁၅။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (စ) ၏ နောက်တွင် ပုဒ်မခွဲ (ဆ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဆ) အခြားအခကြေးငွေများကို မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော လုပ်ငန်းများတွင် နိုင်ငံခြားငွေဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က သတ်မှတ်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့်ဖြစ်စေ ပေးဆောင်ရမည်။"

၁၆။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (င-၁) နှင့် ပုဒ်မခွဲ (င-၂) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(င-၁) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံး ဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုမရှိစေရန် အလေးထားဆောင်ရွက်ခြင်း၊ နှစ်စဉ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် ရန်ပုံငွေထားရှိခြင်း။

(င-၂) ဓာတ်သတ္တုထုတ်လုပ်မှုလုပ်ငန်းပြီးဆုံးခြင်း သို့မဟုတ် ပိတ်သိမ်းသည့်အခါ လုပ်ငန်းမြေနေရာအား သတ္တုတွင်း ပိတ်သိမ်းမှု အစီအစဉ်ပါအတိုင်း မြေယာပြုပြင်ခြင်း၊ ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေထူထောင်၍ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးခြင်း။"

၁၇။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၁၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၈။ ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ဓာတ်သတ္တုများ ရောင်းချသည့်အခါ ဓာတ်သတ္တုတန်ဖိုးအပေါ် အောက်ပါနှုန်းထားများအရ ဓာတ်သတ္တုခွန် ပေးဆောင်ရမည် -

(က) ရွှေ၊ ပလက်တီနမ်၊ ယူရေနီယမ်နှင့်ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် အဖိုးတန်သတ္တုများအတွက် ၅ ရာခိုင်နှုန်း၊

(ခ) ငွေ၊ ကြေးနီ၊ ခဲမဖြူ၊ အဖြိုက်နက်၊ နီကယ်၊ အလေးစီးသဲ၊ မော်လစ်ဒီနမ်၊ အီရီဒီယမ်၊ အောစ်မီယမ်၊ ပလက်ဒီယမ်၊ ရုသာနီယမ်၊ ရိုဒီယမ်၊ တန်တလန်၊ ကိုလံဘီယမ်၊ နိုင်အိုဘီယမ်၊ သိုရီယမ်၊ ကက်ဒ်မီယမ်၊ မြေရှားသတ္တု၊ ဗယ်ရယ်လီယမ်၊ တိုက်တေနီယမ်နှင့်ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် သတ္တုများအတွက် ၄ ရာခိုင်နှုန်း၊

(ဂ) သံ၊ သွပ်၊ ခဲ၊ ခနောက်စိမ်း၊ အလူမီနီယမ်၊ အာဆင်းနစ်၊ ဘစ်မတ်၊ ခရိုမီယမ်၊ ကိုဘော့လ်၊ မင်းဂနီးစ်၊ မဂ္ဂနီဆီယမ်နှင့်ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် သတ္တုများအတွက် ၃ ရာခိုင်နှုန်း၊

(ဃ) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်အတွက် ၂ ရာခိုင်နှုန်း။"

၁၈။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၉။ ပုဒ်မ ၁၈ အရ ဓာတ်သတ္တုခွန်ပေးဆောင်ခြင်းကို အပြည်ပြည်ဆိုင်ရာ သတ္တုဈေးနှုန်းအရ သတ္တုစင် ပါဝင်မှုရာခိုင်နှုန်းအပေါ် တွင် တွက်ချက်၍ ဦးစီးဌာနသို့ ပေးဆောင်ရမည်။"

၁၉။ မြန်မာ့သတ္တုတွင်းဥပဒေ အခန်း (၇) ခေါင်းစဉ်တွင် ပါရှိသော "ရတနာနယ်မြေ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၂၀။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၂၂ ကို ပယ်ဖျက်ရမည်။

၂၁။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၂၃ နှင့် ပုဒ်မ ၃၃ တို့တွင် ပါရှိသော "သို့မဟုတ် ရတနာနယ်မြေ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၂၂။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၂၄ တွင် ပါရှိသော "မည်သည့်ကမ်းလွန် ရေတိမ်ပိုင်းတွင် ဖြစ်စေ" ဆိုသည့် စကားရပ်ကို "နိုင်ငံတော်၏ ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များအတွင်းတွင် ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၃။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ခ) ၏ နောက်တွင် ပုဒ်မခွဲ (ခ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ခ-၁) သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်တို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်သည့်စနစ်နှင့် လူမှုရေးအရ ထိခိုက်မှုဆန်းစစ်သည့်စနစ်များကို ကြည့်ရှုစစ်ဆေးခြင်း။"

၂၄။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော "ဒဏ်ကြေးငွေ" ဆိုသည့် စကားရပ်ကို "အာမခံငွေပမာဏအောက်မနည်းသော ဒဏ်ကြေးငွေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၅။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၀။(က) မည်သူမဆို ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်မရရှိဘဲ အောက်ပါလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် တစ်ဆယ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်သိန်း ၅၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(၁) သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ဆင့်တက်ပြုပြင်ခြင်း၊

(၂) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ဆင့်တက်ပြုပြင်ခြင်း၊

(၃) ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ဆင့်တက်ပြုပြင်ခြင်း၊

(၄) ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း ခွင့်ပြုမိန့်ရယူခြင်း မရှိဘဲ ဓာတ်သတ္တုဆင့်တက်ပြုပြင်ခြင်း လုပ်ငန်းလုပ်ကိုင်ခြင်း၊

(၅) ခွင့်ပြုမိန့်ဖြင့် လက်လုပ်လက်စားထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်သူမှအပ ဓာတ်သတ္တုထုတ်လုပ်ခြင်း။

(ခ) မည်သူမဆိုလက်လုပ်လက်စားထုတ်လုပ်ခြင်းအတွက် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်မရရှိဘဲ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်လမှ အများဆုံး သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ကျပ်တစ်သိန်းအထိဖြစ်စေ ချမှတ်ရမည်။"

၂၆။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၀ ၏ နောက်တွင် ပုဒ်မ ၃၀-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၀-က။ မည်သူမဆို ပုဒ်မ ၃၀ ပုဒ်မခွဲ (က) ပါပြစ်မှုတစ်ခုခုကို ထပ်မံကျူးလွန်ပါက တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ်၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ချမှတ်ရမည်။"

၂၇။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၁ တွင် ပါရှိသော "ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၂၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ" ဆိုသည့်စကားရပ်ကို "ထောင်ဒဏ်သုံးနှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ်သိန်း ၂၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၈။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၁ ၏ နောက်တွင် ပုဒ်မ ၃၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၃၁-က။ မည်သူမဆို ပုဒ်မ ၂၉ အရ တားမြစ်ချက်တစ်ရပ်ရပ်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ပါက ထောင်ဒဏ် အများဆုံးသုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၂၀ အထိ ချမှတ်နိုင်သည်။"

၂၉။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၂ တွင် ပါရှိသော "ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့် စကားရပ်ကို "ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်၁၀ သိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၀။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၂ ၏ နောက်တွင် ပုဒ်မ ၃၂-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၂-က။ ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၁၃ နှင့် စပ်လျဉ်းသည့် နည်းဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်မှု ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ် ၂ သိန်းမှ အများဆုံး ကျပ်၁၀ သိန်းအထိ ချမှတ်နိုင်သည်။"

၃၁။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၃ တွင် ပါရှိသော "ထောင်ဒဏ် ခြောက်လအထိ ဖြစ်စေ၊ငွေဒဏ်ကျပ်၅၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့် စကားရပ်ကို "ထောင်ဒဏ် ခြောက်လ အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ် ငါးသိန်း အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၂။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၃ ၏ နောက်တွင် ပုဒ်မ ၃၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၃-က။ မည်သူမဆို ပုဒ်မ ၃၃ အရ တားမြစ်ချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ပါက ထောင်ဒဏ် ခြောက်လအထိ ချမှတ်ရမည့်အပြင် ငွေဒဏ်ကျပ်၅ သိန်းအထိ ချမှတ်နိုင်သည်။"

၃၃။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၅ ၏ နောက်တွင် ပုဒ်မ ၃၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၃၅-က။ ဓာတ်သတ္တုထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသော လုပ်ငန်းရှင်နှင့် ဖက်စပ် သို့မဟုတ် အကျိုးတူလုပ်ငန်းလုပ်ကိုင်ခြင်းအတွက် ထုတ်လုပ်မှုအပေါ် တွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များ အပါအဝင် ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့်စနစ် သို့မဟုတ် အကျိုးအမြတ်အပေါ် ခွဲဝေခံစားသည့်စနစ် သို့မဟုတ် နှစ်ဦးနှစ်ဖက်ထည့်ဝင်မှုအပေါ် အခြေခံသည့် အမြတ်ခွဲဝေမှုစနစ်ဖြင့် လုပ်ကိုင်ရမည်။"

၃၄။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၆။ ဤဥပဒေအရ ရရန်ရှိသော ငွေများကို ဝင်ငွေခွန်မပြေ ကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။ ဤကိစ္စအလို့ငှာ သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ပေးအပ်သော အရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိစေရမည်။"

၃၅။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဈေးနှုန်းချပေးရန်လိုအပ်နေသော ပြည်တွင်းစက်သုံးဆီအရောင်းဈေးနှုန်း

မောင်စေအောင်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း တစ်စည်လျှင် ဒေါ်လာ ၁၄၀ ဝန်းကျင်ထိ ဈေးတက်ချိန် ပြည်တွင်း၌လည်း တစ်ပြေးညီ ဈေးနှုန်းမြင့်တက်ခဲ့သော စက်သုံးဆီရောင်းဈေးနှုန်းများသည် ၂၀၁၅ နှစ်လယ်မှစ၍ ခြောက်လကျော်ကာလအတွင်း သိသာစွာကျဆင်းသော်လည်း ဟန်ပြစတိသဘောသာကျဆင်းနေဆဲဖြစ်သည်။ အဆိုပါ ခြောက်လကျော်ကာလအတွင်း စက်သုံးဆီဈေးနှုန်းများ၏ ပြည်ပမှတင်သွင်းအရင်းဈေးများ ကျဆင်းမှု၏ ထက်ဝက်ဝန်းကျင်သာ ရန်ကုန်မြို့တွင်း ရောင်းဈေးနှုန်းချပေးမှုရှိသည်ဟု ဝယ်ယူသူများက ပြောနေကြသည်။

စက်သုံးဆီပြည်ပမှဝယ်ယူတင်သွင်းရာတွင် အရင်းဈေးနှုန်းများကို အများပြည်သူသိရှိခွင့်ရရှိလာသည့် ဇွန်လဆန်းမှစ၍ ဒီဇင်ဘာတတိယပတ်အထိတစ်ပတ်အတွင်း ဆိပ်ကမ်းရောက်အရင်းဈေးနှုန်းထုတ်ပြန်သည့် အကြိမ်ပေါင်း ၃၀ အထိ အင်္ဂါနေ့တွင် နိုင်ငံပိုင်သတင်းစာများ၏ စာမျက်နှာ (၂)တွင် ဖတ်ရှုရသည်။ အရင်းဈေးနှုန်း ဖော်ပြချက်အပေါ် တွင် ရန်ကုန်မြို့တွင်းစက်သုံးဆီ ရောင်းဈေးများပါဖတ်ရှုရသည်။

ယင်းဖော်ပြချက်မှ ကောက်နုတ်တွက်ချက်မှုအရ ခြောက်လကျော်ကာလအတွင်း ပြည်ပမှတင်သွင်းသော အရင်းဈေးနှုန်းမှာ အောက်တိန်း ၉၂ တစ်လီတာလျှင် ၂၂၅ ကျပ်ဈေးကျဆင်းသော်လည်း ရန်ကုန်မြို့တွင်း ရောင်းဈေး မှာ ကျပ် ၁၂၀ သာကျဆင်းသည်ဟုသိရသည်။

အလားတူ ဒီဇယ်တစ်လီတာလျှင် ၂၃၅ ကျပ် အရင်းဈေးကျဆင်းသော်လည်း ရန်ကုန်မြို့တွင်းရောင်းဈေးမှာ ကျပ် ၁၁၀ သာကျဆင်းသည်ဟု သိရသည်။ ကမ္ဘာ့ရေနံဈေးနှုန်း သိသာစွာကျဆင်းလာခြင်းကို ပြည်တွင်းမီဒီယာများတွင်ဖော်ပြသော်လည်း အရင်းဈေးနှုန်းကျဆင်းမှုကို နိုင်ငံပိုင်သတင်းစာများတွင်သာ ဖတ်ရှုသိရှိရသည်။ နိုင်ငံခြားငွေလဲလှယ်နှုန်းမြင့်နေဆဲဖြစ်၍ ပြည်တွင်းစက်သုံးဆီရောင်းဈေး ကျဆင်းမှုနည်းနေဆဲဖြစ်သည်ဟု မီဒီယာများတွင် စက်သုံးဆီရောင်းချသူအချို့၏ ပြောကြားချက်ကို ဖတ်ရှုရသည်။

ဈေးကွက်သဘာဝအရ ဈေးနှုန်းထိန်းချုပ်ခြင်း၊ ဈေးနှုန်းကျစေခြင်းပြုလုပ်၍မရဟု ကုန်ရောင်းကုန်ဝယ်ပြုလုပ်သူများက ပြောဆိုလေ့ရှိသည်။ သို့သော် ပြည်တွင်းတွင် ကုန်ပစ္စည်းလက်ကျန်နည်းပြီး အသစ်ထွက်ပေါ်ရန် အချိန် ကာလလိုအပ်ခြင်း၊ အရေးပေါ်သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဖြစ်စဉ်တို့ကို အကြောင်းပြု၍ ပြည်တွင်း ဈေးကွက်တွင် ဈေးနှုန်းမြင့်တက်မှုရှိသည်။



သို့သော် ဖြစ်သင့်သည့် ပမာဏထက်ပိုမိုဈေးမြင့်ခြင်းဖြင့် အမြတ်အစွန်း ပိုမိုရယူမှုများ ၂၀၁၅ နှစ်လယ်ပိုင်းနှင့် နှစ်ကုန်ပိုင်းတို့တွင် ပြည်ပသို့ တင်ပို့နေရသော ကြက်သွန်၊ ဆန်စပါးဈေးကွက်တွင် ကြုံတွေ့လာရသည်။ ပြည်ပမှ ပြန်လည်တင်သွင်းလာရသည်။ ငွေကြေးကဏ္ဍတွင် ငွေဖောင်းပွမှု ကြုံတွေ့လာရသည်။ ဆန်နှင့် ကြက်သွန်နီဈေးနှုန်းများ ကမ္ဘာ့ဈေးနှုန်းထက် ပြည်တွင်းဈေးနှုန်းမြင့်လာသည်။ တစ်တန်လျှင် ဒေါ်လာ ၅၀၀ ဝန်းကျင် ကမ္ဘာ့ဈေးနှုန်းရှိသော ကြက်သွန်နီသည် ပြည်တွင်းဈေးနှုန်းဒေါ်လာ ၁၅၀၀ ဝန်းကျင်သို့ ယခုလအတွင်း ရောက်ရှိခဲ့သည်။

ထို့အတူ ၂၀၁၀ ခုနှစ်ဝန်းကျင်မှစ၍ ပြည်တွင်းလုပ်ငန်းရှင်များအား ဈေးကွက်စီးပွားရေးအဖြစ် စက်သုံးဆီဝယ်ယူတင်သွင်းဖြန့်ဖြူးမှု လုပ်ကိုင်ခွင့်ပေးသော်လည်း ဈေးနှုန်းများကို ပြည်ပမှတင်သွင်းလာသူများ၏ ရန်ကုန်မြို့တွင်း လက်လီဆိုင်အမည်ခံအရောင်းဆိုင်များတွင် ထိန်းချုပ်ရောင်းချနေဆဲဖြစ်သည်။

# သက်သေခံအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**သက်သေခံအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇၃။)**
**၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်**
**( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ သက်သေခံအက်ဥပဒေ ပုဒ်မ ၃ တွင် -

(က) "Document" ဆိုသည့်စကားရပ် အဓိပ္ပာယ်ဖွင့်ဆိုချက်၏နောက်တွင် "In this expression, electronic record and information are included" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) "Document"ဆိုသည့်စကားရပ်၏ ဥပမာကို အောက်ပါအတိုင်း အစားထိုးရမည် -

***"Illustrations***

(1) any map, plan, graph or drawing;
(2) any photograph;
(3) any label, marking or other writing which identifies or describes anything of which it forms a part, or to which it is attached by any means whatsoever;
(4) any disc, tape, sound-track or other device in which sounds or other data (not being visual images) are embodied so as to be capable (with or without the aid of some other equipment) of being reproduced therefrom;
(5) any film (including microfilm), negative, tape, disc or other device in which one or more visual images are embodied so as to be capable (with or without the aid of some other equipment) of being reproduced therefrom;
(6) any paper or other material on which there are marks, impressions, figures, letters, symbols or perforations having a meaning for persons qualified to interpret them; and
(7) Any record generated, sent, received or stored by means of electronic, magnetic, optical or any other similar technologies in an information system or for transmission from one information system to another;"

(ဂ) သက်သေခံအက်ဥပဒေပုဒ်မ ၃ တွင်ပါရှိသော "Document" ဆိုသည့် စကားရပ် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဥပမာတို့၏နောက်တွင် "စာတမ်းအမှတ်အသား မိတ္တူ"ဆိုသည့် စကားရပ် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"Copy of a document" includes-
(1) in the case of a document falling within paragraph (4) of above illustration of the definition of "document," a transcript of the sounds or other data embodied in it;
(2) in the case of a document falling within paragraph (5) of above illustration of that definition, a reproduction or still reproduction of the image or images embodied in it, whether enlarged or not;
(3) in the case of a document falling within paragraph (4) and (5) of that definition, such a transcript together with such a still reproduction; and
(4) in the case of a document not falling within paragraph (5) of that definition of which a visual image is embodied in a document falling within that clause, a reproduction of that image, whether enlarged or not, and any reference to a copy of the material part of a document must be construed accordingly."

၃။ သက်သေခံအက်ဥပဒေ ပုဒ်မ ၉ ဥပမာ(စ)၏နောက်တွင် (ဆ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(g) A seeks to adduce evidence against B in the form of an electronic record. The method and manner in which the electronic record was (properly or improperly) generated, send, received or stored (by A or B), the reliability of the devices and the circumstances in which the devices were (properly or improperly) used or operated to generate, sent, receive or store the electronic record, may be relevant facts (if the contents are relevant) as authenticating the electronic record and therefore as explaining or introducing the electronic record, or identifying it as the relevant electronic record to support a finding that the record is, or is not, what its proponent A claims."

၄။ သက်သေခံအက်ဥပဒေ ပုဒ်မ ၆၀ ၏ နောက်တွင် ပုဒ်မ ၆၀-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**Evidence through live video or live television links**

"60 A. (1) Notwithstanding anything contained in this Act, a person may, the permission of the court, give evidence through a video conferencing or live television link in any proceedings, if -
(a) the witness is below the age of 16 years;
(b) it is expressly agreed between the parties to the proceedings that evidence may be so given;
(c) the witness is outside the Republic of the Union of Myanmar; or
(d) the court is satisfied that it is expedient in the interests of justice to do so.

(2) In considering whether to give permission for a witness outside the Republic of the Union of Myanmar to give evidence by live video or live television link under this section, the court shall have regard to all the circumstances of the case including the followings:
(a) the reasons for the witness being unable to give evidence in the Republic of the Union of Myanmar.
(b) the administrative and technical facilities and arrangements made at the place where the witness is to give his evidence; and
(c) whether any party to the proceedings would be unfairly prejudiced.

(3) The court may, in giving permission under sub-section (1), make an order on all or any of the following matters:
(a) the persons who may be present at the place where the witness is giving evidence;
(b) the person who may be excluded from the place while the witness is giving evidence;
(c) the persons in the court who must be able to be heard, or seen and heard, by the witness and by the persons with the witness;
(d) the person in the court who must not be able to be heard, or seen and heard, by the witness and by the persons with the witness;
(e) the person in the court who must be able to see and hear the witness and the persons with the witness;
(f) the stages in the proceedings during which a specified part of the order is to have effect;
(g) the method of operation of the live video or live television link system including compliance with the appropriate technical standards as may be determined by the Chief Justice of the Union; and
(h) any other order the court considers necessary in the interests of justice.

(4) The court may revoke, suspend or vary any order made under this section if-
(a) the live video or live television link system stops working and it would cause unreasonable delay to wait until a working system becomes available;
(b) it is necessary for the court to do so to comply with its duty to ensure that the proceedings are conducted fairly to the parties thereto;
(c) it is necessary for the court to do so, so that the witness can identify a person or a thing or so that the witness can participate in or view a demonstration or an experiment;
(d) it is necessary for the court to do so because part of the proceedings is being heard outside a court; or
(e) there has been a material change in the circumstances after the court has made an order.

(5) The court shall not make an order under this section, or include a particular provision in such an order, if to do so would be inconsistent with the court's duty to ensure that the proceedings are conducted fairly to the parties to the proceedings.

(6) An order made under this section shall not cease to have effect merely because the person in respect of whom it was made attains the age of 16 years before the proceedings in which it was made are finally determined.

(7) Evidence given by a witness, whether in the Republic of the Union of Myanmar or elsewhere, through a video conferencing or live television link by virtue of this section shall be deemed for the purposes of section 193, 194, 195, 196, 205 and 209 of the Penal Code as having been given in the proceedings in which it is given.

(8) Where a witness gives evidence in accordance with this section, he shall, for the purpose of this Act, be deemed to be giving evidence in the presence of the court."

၅။ သက်သေခံအက်ဥပဒေ ပုဒ်မ ၆၂ ရှင်းလင်းချက်(၂)နှင့် ဥပမာ၏နောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"Explanation 3 – Notwithstanding anything contained in Explanation 2, if a copy of a document expressed in section 3 in the form of an electronic record is shown to reflect that document accurately, then the copy is primary evidence.

***Illustrations***

(a) An electronic record, which has been manifestly or consistently acted on, relied upon, or used as the information recorded or stored on the computer system, is primary evidence of that document.
(b) If the electronic record has not been manifestly or consistently acted on, relied upon, or used as a record of the information in the document, the electronic record may be treat as secondary evidence of that document.-

၆။ သက်သေခံအက်ဥပဒေ ပုဒ်မ ၆၃၊ ပုဒ်မခွဲ(၂)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(2) except for copies referred to Explanation 3 to Section 62, copies made from the original by electronic, electrochemical, chemical, magnetic, mechanical, optical, telematics or other technical processes, which in themselves ensure the accuracy of the copy, and copies compared with such copies;"

၇။ သက်သေခံအက်ဥပဒေပုဒ်မ ၆၇ ၏နောက်တွင် ပုဒ်မ ၆၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**Requirement for signature**

"67A. Where any existing law requires a signature, or provides for certain consequences if a document or a record is not signed, that requirement is satisfied in relation to an electronic record if-
(a) a method is used to identify the person and to indicate that person's intention in respect of the information contained in the electronic record; and
(b) the method is used either-
(i) as reliable as appropriate for the purpose for which the electronic record was generated or communicated, in the light of all the circumstances, including any relevant agreement; or
(ii) proven in fact to have fulfilled the functions described in sub-section (a), by itself or together with further evidence.

၈။ သက်သေခံအက်ဥပဒေပုဒ်မ ၁၁၄ ၏နောက်တွင် ပုဒ်မ ၁၁၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**Presumptions in relation to electronic records**

"114A. (1) Unless evidence sufficient to raise doubt about the presumption is adduced, where a device or process is one that, or is of a kind that, if properly used, ordinarily produces or accurately communicates an electronic record, the court shall presume that in producing or communicating that electronic record on the occasion in question, the device or process produced or accurately communicated the electronic record.

***Illustration***

*A* seeks to adduce evidence in the form of an electronic record or document produced by an electronic device or process. *A* proves that the electronic device or process in question is one that, or is of a kind that, if properly used, ordinarily produces that electronic record or document. This is a relevant fact for the court to presume that in producing the electronic record or document on the occasion in question, the electronic device or process produced the electronic record or document which *A* seeks to adduce.

(2) Unless evidence to the contrary is adduced, the court shall presume that any electronic record generated, recorded or stored is authentic if it is established that the electronic record was generated, recorded or stored in the usual and ordinary course of business by a person who was not a party to the proceedings on the occasion in question and who did not generate, record or store it under the control of the party seeking to introduce the electronic record.

***Illustration***

*A* seeks to adduce evidence against *B* in the form of an electronic record. The fact that the electronic record was generated, recorded or stored in the usual and ordinary course of business by *C*, a neutral third party, is a relevant fact for the court to presume that the electronic record is authentic.

(3) Unless evidence to the contrary is adduced, where an electronic record was generated, recorded or stored by a party who is adverse in interest to the party seeking to adduce the evidence, the court shall presume that the electronic record is authentic in relation to the authentication issues arising from the generation, recording or storage of that electronic record.

***Illustration***

*A* seeks to adduce evidence against *B* in the form of an electronic record. The fact that the electronic record was generated, recorded or stored by *B*, who opposes the relevance of the evidence is a relevant fact for the court to presume that the electronic record is authentic.

(4) For the purposes of subsection (2), in criminal proceedings a party to the proceedings shall include –
(a) the police officer or other officer of a law enforcement agency who was involved in the investigation of offences allegedly committed by the accused person; or
(b) an accomplice of the accused person even though he is not charged with an offence in the same proceedings.

(5) The matters referred to in this section may be established by an affidavit given to the best of the deponent's knowledge and belief."

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## နည်းပြဗန်ဟားလ်အတွက် တိုက်ပွဲဝင်နေရခြင်းဖြစ်ကြောင်း ရွန်းနီပြောကြား

မန်ယူအသင်းသည် လက်ရှိတွင် နည်းပြဗန်ဟားလ်အတွက် တိုက်ပွဲဝင်နေရကြောင်းနှင့် စတုတ်စီးတီးအသင်းနှင့် ပွဲစဉ်တွင် နိုင်ပွဲရရှိအောင်ကြိုးစားရမည်ဖြစ်ကြောင်း မန်ယူအသင်းခေါင်းဆောင် ရွန်းနီကပြောကြားခဲ့သည်။

မန်ယူအသင်းသည် ခြောက်ပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးခဲ့ပြီး အဆိုပါနိုင်ပွဲပျောက်ဆုံးမှုသည် ၁၉၉၈ ခုနှစ် နောက်ပိုင်း အရှည်ကြာဆုံးနိုင်ပွဲပျောက်ဆုံးမှု ဖြစ်သည်။ နောက်ဆုံးသုံးပွဲတွင်လည်း ဝုလ်ဖ်ဘတ်၊ ဘုန်းမောက်နှင့် နော့ဝှစ်ချ်အသင်းတို့ကိုပင် ရှုံးနိမ့်ခဲ့သည်။



ထို့ကြောင့် နည်းပြဗန်ဟားလ်သည် နည်းပြအဖြစ်မှ ထုတ်ပယ်ခံရမည့်အခြေအနေတစ်ရပ်သို့ ဆိုက်ရောက်ကာ ဖိအားပေးခြင်းကို ခံနေရပြီး ဒီဇင်ဘာ ၂၃ ရက်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင်လည်း ၄ မိနစ် ၅၈ စက္ကန့်အကြာတွင် ထွက်ခွာသွားခဲ့သည်။

သို့ရာတွင် မီဒီယာများအနေဖြင့် ၎င်းအား တောင်းပန်စေလိုကြောင်းနှင့် ၎င်း၏အနာဂတ်ကြောင့် မိသားစုရေးရာကိစ္စများကိုပင် ထိခိုက်စေနိုင်ကြောင်း မန်ယူအသင်းနည်းပြ ဗန်ဟားလ်က သတင်းထောက်များကို ပြောကြားခဲ့သည်။

မန်ယူအသင်းသည် နိုင်ပွဲဆက်တိုက် ပျောက်ဆုံးခဲ့မှုကြောင့် လက်ရှိတွင် ဇယားထိပ်က လက်စတာစီးတီး အသင်းနှင့် ကိုးမှတ်အကွာ ပရီမီယာလိဂ်အမှတ်ပေးဇယား၏ အဆင့်(၅)နေရာသို့ ဆင်းပေးခဲ့ရသည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ဝုလ်ဖ်ဘတ်အသင်းအား ရှုံးနိမ့်ခဲ့ခြင်းကြောင့် ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

မန်ယူအသင်းသည် စတုတ်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားပြီးပါက နှစ်ရက်အကြာတွင် ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## ရာသီကုန်တွင် စပါးအသင်း အဆင့်(၄)ဝင်ရမည်ဟုဆို



စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် ပရီမီယာလိဂ်အမှတ်ပေးဇယား၏ အဆင့်(၄)အတွင်း ဝင်ရမည်ဖြစ်ကြောင်းနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲသို့ တစ်ကျော့ပြန်လည်ဝင်ခွင့်ရရှိနိုင်မည့် အခွင့်အရေး ရရှိမည်ဖြစ်ကြောင်း စပါးကစားသမားဟောင်း ဟော့ဒယ်လ်က ပြောကြားခဲ့သည်။

နည်းပြပိုချက်တီနို၏ စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် စွမ်းဆောင်ရည်ပိုင်း ပိုမိုကောင်းမွန်လာခဲ့ပြီး ပွဲစဉ်(၁၇)အပြီးတွင် ပေးဂိုး ၁၄ ဂိုးသာရှိခဲ့သည့်အပြင် ပရီမီယာလိဂ် အမှတ်ပေးဇယားတွင်လည်း အဆင့်(၄) နေရာ၌ ရပ်တည်လျက်ရှိသည့် အသင်းဖြစ်သည်။

ဒီလီအယ်လ်လီ၊ အဲရစ်ဒိုင်ယာ၊ ဟယ်ရီကိန်း စသည့် လူငယ်ကစားသမားများ၏ တစ်ဦးချင်းခြေစွမ်းကောင်းမွန်မှုသည် စပါးအသင်းအတွက် ရလဒ်ပိုင်းကို အကောင်းဆုံးအနေအထားသို့ ရောက်ရှိခဲ့ပြီး ယခုနှစ် ဘောလုံးရာသီကုန်တွင် အဆင့်(၄) ဝင်ကာ ၂၀၁၀-၂၀၁၁ ဘောလုံးရာသီနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံလိဂ်ဝင်ခွင့် တစ်နေရာပြန်လည်ရရှိနိုင်ကြောင်း ဟော့ဒယ်လ်က ပြောကြားခဲ့သည်။

ထို့ပြင် စပါးအသင်းကဲ့သို့ ပရီမီယာလိဂ်အသင်းတိုင်းတွင် လူငယ်ကစားသမားအများစုကို အသုံးပြုလာမည်ဆိုပါက ပရီမီယာလိဂ်ပြိုင်ပွဲသည်လည်း အဆင့်အတန်းပိုမိုမြင့်မားလာမည့်ပြိုင်ပွဲဖြစ်လာမည်ဟု ထင်မိကြောင်းနှင့် အတွေ့အကြုံရှိ လူငယ်ကစားသမားအားလုံးကလည်း လူငယ်ကစားသမားကို တွဲခေါ်သွားစေလိုကြောင်း ဟော့ဒယ်လ်က ၎င်း၏ ယူဆချက်ကို ပြောကြားခဲ့သည်။

**ငွေကြယ် - ရေးသားသည်**



## မြန်မာ့ရိုးရာ လက်ဝှေ့အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်း နှင့် စောဂေါ်မူတို စိန်ခေါ်ထိုးသတ်ကြမည်

ရန်ကုန် ဒီဇင်ဘာ ၂၅

**မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ Naing Moe Entertainment နှင့် Myanmar Media Management တို့ပူးပေါင်းစီစဉ်သည့် မြန်မာ့ရိုးရာလက်ဝှေ့ "မြန်မာပြည်ချန်ပီယံစိန်ခေါ်ပွဲကြီး" ကို ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူမြန်မာ့ရိုးရာလက်ဝှေ့အားကစားပြိုင်ပွဲရုံတွင် ကျင်းပမည်ဖြစ်သည်။**

အဓိကတွဲဆိုင်းအနေဖြင့် မြန်မာပြည်မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံ ထွန်းထွန်းမင်းကို စောဂေါ်မူတို စိန်ခေါ်ထိုးသတ်သည့် တွဲဆိုင်းပင်ဖြစ်သည်။ ထိုးသတ်မည့်တွဲဆိုင်းများမှာ နိုင်လင်းထွန်း (နဂါးမာန်) နှင့် ရှမ်းညီ (T&T)၊ ဥဒေါင်းမင်း (ထွန်းထွန်းမင်း) နှင့် စောသူရိန် (သတ္တိ)၊ ကျော်ဝင်းအောင် (အဖြူရောင်သွေးသစ်) နှင့် ထွန်းလွင်မိုး (နဂါးမာန်)၊ နေရှုဘီ (STL) နှင့် စိုးမောင်ဦး (ရတနာပုံကလပ်)၊ ရန်တိုင်းကျော် (အလင်းရောင်) နှင့် မျိုးဟန်သစ် (STL)၊ စောသဲဦး(STL) နှင့် ကျားဗဟိန်း (အလင်းရောင်)၊ ရှမ်းကို (T&T) နှင့် ရဲတံခွန် (အဖြူရောင်သွေးသစ်)၊ ထွန်းထွန်းမင်း (ထွန်းထွန်းမင်း) နှင့် စောဂေါ်မူတို (သတ္တိ) စသည့် တွဲဆိုင်းများ ဖြစ်သည်။

ထွန်းထွန်းမင်းသည် မြန်မာပြည်ချန်ပီယံဖြစ်ပြီး ဒီဇင်ဘာ ၂၀ ရက်က အမေရိကန်နိုင်ငံသား ဆိုင်းရပ်စ်ဝါရှင်တန်ကို ပထမအချီ တစ်မိနစ် ၁၀ စက္ကန့်တွင် အနိုင်ယူ ထိုးသတ်ခဲ့သူဖြစ်သည်။ ထွန်းထွန်းမင်းသည် (သရဖူကာကွယ်ပွဲ) ချန်ပီယံကာကွယ်အဖြစ် စိန်ခေါ်သူ စောဂေါ်မူတိုနှင့် စိန်ခေါ်ထိုးသတ်ခြင်းဖြစ်သည်။

ရုံဝင်ကြေးမှာ ကျပ်တစ်သောင်း၊ ကျပ်နှစ်သောင်းနှင့် ကျပ်သုံးသောင်းတို့ဖြစ်သည်။ လက်မှတ်များကို ဘောင်မြန်မာ Mobile & Money Changer No-(61) မြေညီထပ် ရေကျော်လမ်းမကြီး ဝိုင်အမ်ဘီအေ အနီး Ph 09-781999204 နှင့် 09-781999205 သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

မြန်မာပြည်ချန်ပီယံ စိန်ခေါ်ပွဲကြီးတွင် ထွန်းထွန်းမင်းသည် မိမိချန်ပီယံကာကွယ်ပွဲအတွက် ကြိုးစားထိုးသတ်မှာဖြစ်သလို စောဂေါ်မူတိုကလည်း သတ္တိရှိရှိစိန်ခေါ်ခြင်းဖြစ်သဖြင့် ပွဲကြီးပွဲကောင်း တစ်ပွဲဖြစ်မည်ဟု သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## MNL ပြိုင်ပွဲ ပထမအကျော့ပွဲစဉ် ကျင်းပမည့်ရက်ပြောင်းလဲ

မြန်မာ့လက်ရွေးစင်အသင်းယှဉ်ပြိုင်ရန် စီစဉ်ထားသည့် Merlion Cup ပြိုင်ပွဲရက်ရွှေ့ဆိုင်းခဲ့ခြင်းကြောင့် ၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များအပြောင်းအလဲဖြစ်ပေါ်ခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် MNL ကလပ်အသင်းများနှင့် ယနေ့မွန်းလွဲပိုင်းက အစည်းအဝေးပြုလုပ်ပြီးနောက် ပွဲစဉ်ဇယားပြောင်းလဲမှုကို အတည်ပြုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို မူလသတ်မှတ်ထားသည့် ဇန်နဝါရီ ၉ရက်တွင် စတင်မည်ဖြစ်ပြီး ပွဲစဉ် (၂)အပြီး ရပ်နားတော့မည် မဟုတ်ဘဲ ပွဲစဉ် (၃)နှင့် (၄)ကို ဇန်နဝါရီ တတိယပတ်နှင့် စတုတ္ထပတ်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

MNL ပွဲစဉ်ဖြစ်သည့်ပွဲစဉ် ၁၁မတိုင်မီ မတ်လ ၁၄ ရက်မှ ဧပြီ ၁ ရက်အထိ ခေတ္တရပ်နားမည်ဖြစ်သည်။ ယင်းကာလအတွင်း၌ မြန်မာ့လက်ရွေးစင်အသင်းမှာ ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် နိုင်ငံတကာခြေစမ်းပွဲများကစားရန်ရှိသောကြောင့် ရပ်နားခဲ့ခြင်းဖြစ်သည်။ ပွဲစဉ် (၁၁)မှာ ဧပြီ ၄ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး ရွှေ့ဆိုင်းထားသည့် ပွဲစဉ် (၁၀)မှ ရန်ကုန်အသင်းနှင့် ဇွဲကပင်အသင်းပွဲကို ဧပြီ ၇ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

Merlion Cup ပြိုင်ပွဲကို မူလက ဇန်နဝါရီ ၂၉ရက်မှ ၃၁ရက်အထိ အသင်းလေးသင်းဖြင့် ကျင်းပရန် စီစဉ်ထားသော်လည်း ကွင်းငှားရမ်းမှု အဆင်မပြေခြင်းကြောင့် ရက်ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို မြန်မာနိုင်ငံ၌ ကျင်းပရန် စင်ကာပူဘောလုံး အဖွဲ့ချုပ်နှင့် ပြိုင်ပွဲစီစဉ်သူများက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံကမ်းလှမ်းထားကြောင်း သိရသည်။

**ရှိုင်းထက်ဇော်**

## ဒီဇင်ဘာ ၂၆/၂၇ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

### ချန်ပီယံရှစ် ပွဲစဉ်-၂၃

| | | | |
|---|---|---|---|
| ဘရန့်ဖို့ဒ် | - | ဘရိုက်တန် | ည ၇း၃၀ |
| ဘလက်ဘန်း | - | မစ်ဒယ်ဘရော့ | ည ၉း၃၀ |
| ဘရစ္စတိုးလ် | - | ချာလ်တန် | ည ၉း၃၀ |
| ဒါဘီ | - | ဖူလ်ဟမ် | ည ၉း၃၀ |
| ဟတ်ဒါဖီးလ် | - | ပရက်စတန် | ည ၉း၃၀ |
| ဟားလ်စီးတီး | - | ဘန်လေ | ည ၉း၃၀ |
| အစ်ဝစ်ချ် | - | ကျူပီအာ | ည ၉း၃၀ |
| အမ်ကေဒွန်းစ် | - | ဟာဒစ်ဖ် | ည ၉း၃၀ |
| ရော့သာဟမ် | - | ဘော်လ်တန် | ည ၉း၃၀ |
| ရှက်ဖီး | - | ဘာမင်ဂမ် | ည ၉း၃၀ |
| ဝုဖ်ဘတ် | - | ရက်ဒင် | ည၁၁း၃၅ |

### ပရီမီယာလိဂ် ပွဲစဉ်-၁၈

| | | | |
|---|---|---|---|
| စတုတ်စီးတီး | - | မန်ယူ | ည ၇း၁၅ |
| ဘုန်းမောက် | - | ပဲလေ့စ် | ည ၉း၃၀ |
| လီဗာပူး | - | လက်စတာ | ည ၉း၃၀ |
| စပါး | - | နော့ဝှစ်ချ် | ည ၉း၃၀ |
| မန်စီးတီး | - | ဆန်းဒါးလန်း | ည ၉း၃၀ |
| ချယ်လ်ဆီး | - | ဝက်ဖို့ဒ် | ည ၉း၃၀ |
| ဆွမ်ဆီး | - | ဝက်စ်ဘရွန်း | ည ၉း၃၀ |
| ဗီလာ | - | ဝက်စ်ဟမ်း | ည ၉း၃၀ |
| နယူးကာဆယ် | - | အဲဗာတန် | ည ၁၂း၀၀ |
| ဆောက်သမ်တန် | - | အာဆင်နယ် | နံနက် ၂း၁၅ |

**မောင်မောင်ဇော်**



# ကျောက်တံခါး၌ ယာဉ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်

မျိုးဦး(ကျောက်တံခါး)

**ကျောက်တံခါး ဒီဇင်ဘာ ၂၅**

ကျောက်တံခါးမြို့နယ် သာယာကုန်း ကျေးရွာတွင် ယာဉ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မိမှု ဒီဇင်ဘာ ၂၄ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၄ ရက်ညနေ ၅ နာရီခန့်တွင် ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း) မိုင်တိုင်အမှတ်(၁၁၀/၀)အနီးတွင် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ အောင်မြင်မြို့နေ ကျော်စွာ(၂၅)နှစ်မောင်းနှင်ပြီး ယာဉ်နောက်လိုက်အဖြစ် တစ်မြို့တည်းနေ မျိုးမင်းထိုက်(၃၂)နှစ်လိုက်ပါလာသော 6G/----- TRACTOR HEAD အမျိုးအစား(၂၂)ဘီးယာဉ်သည် သကြားအိတ်များ တင်ဆောင်ပြီးမောင်းနှင်လာစဉ် တစ်ဖက်ယာဉ်ကြောမျက်နှာချင်းဆိုင်ဘက်မှ မလှိုင်မြို့နေ ဆန်းဦး(၄၀)နှစ် မောင်းနှင်ပြီး ယာဉ်နောက်လိုက်အဖြစ် တစ်မြို့တည်းနေ ကိုကိုမောင်(၃၁)နှစ်လိုက်ပါလာသော6A/---- HINO အမျိုးအစား ခဲနက်ရောင်(၆)ဘီးယာဉ်နှင့် မျက်နှာချင်းဆိုင်ပွတ်တိုက်မိရာ ၆ယ/---- ယာဉ်မှာ တိမ်းမှောက်သွားပြီး ယာဉ်ပေါ်တွင်လိုက်ပါလာသူမျိုးမင်းထိုက်မှာ ဒဏ်ရာများရရှိ(မစိုးရိမ်ရ) ပြီး ကျန်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များတွင် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းကျော်စွာနှင့်ဆန်းဦးတို့အား ကျောက်တံခါးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

# အရှိန်မထိန်းနိုင်သည့်ယာဉ် လမ်းဘေးရှိ တိုက်အိမ်အားဝင်ရောက်တိုက်မိ

**စဥ့်ကူး ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်းဘေးရှိ နှစ်ထပ်တိုက်အား (၁၂)ဘီးယာဉ်က အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိမှု ဒီဇင်ဘာ ၂၄ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ဆည်ဘက်မှမန္တလေးဘက်သို့ပြည်ကြီးတံခွန်မြို့နေ ဝင်းမျိုးထွန်း(၂၂)နှစ် မောင်းနှင်လာသည့် 7H/-----HINO(၁၂) ဘီးယာဉ်သည် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် (၄၁၁/၆-၇)ကြား အရောက်တွင် လမ်းယာဘက်ရှိ ဦးမြင့်သိန်း(၆၃)နှစ်၏ နှစ်ထပ်တိုက်အဆောက်အအုံအား အရှိန်မထိန်းနိုင်ဘဲဝင်ရောက်တိုက်မိသဖြင့် နေအိမ်ပျက်စီးသွားပြီး ဝင်းမျိုးထွန်းမှာ ဒဏ်ရာများရရှိခဲ့သဖြင့် စဥ့်ကူးမြို့ ပြည်သူ့ဆေးရုံသို့တင်ပို့ခဲ့ရကြောင်းသိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ယာဉ်မဆင်မခြင်မောင်းနှင်သူ ဝင်းမျိုးထွန်းအား သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။**တင်တင်ထွေး(စဥ့်ကူး)**

# ဖန်းမော်နှင့် လားရှိုးမြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ ဒု-ရဲမှူးဝင်းနိုင် ဦးစီးအဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက်က ဗန်းမော်မြို့နယ် တာမိုင်းလုံကျေးရွာနေ မအယ်မေ(၅၉)နှစ်၏ နေအိမ်ကို ရှာဖွေရာ ခြံဝင်းအတွင်းမှ ဘိန်းဖြူ သုည ဒသမ ၀၀၄၄ ကီလို သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ ဘိန်းဖြူများရောင်းချပေးရန်အပ်နှံထားသူ တစ်ရွာတည်းနေ မမြင့်မြင့်သန်း(ခ)မအေးနီ(၃၉)နှစ်၏နေအိမ်ကို ရှာဖွေရာ နေအိမ်အနောက်ဘက်မြေကြီးအတွင်းမှ ဘိန်းဖြူ သုည ဒသမ ၀၇၆၄ ကီလိုသိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ လားရှိုးခရိုင်ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက်က လားရှိုးမြို့ ရပ်ကွက်(၁) နယ်မြေ(၉) အဝေးပြေးကားဝင်းရှိ မန်းရွှေပြည်ကားဂိတ်သို့ရောက်ရှိလာသူ မတင်နွယ်ထွန်း(၃၉)နှစ်အား ရှာဖွေရာ ၎င်းကိုင်ဆောင်ထားသောအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ နှင့် အိုက်စ် သုည ဒသမ ၉၇၁ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက်က လားရှိုးမြို့အဝင် အိုရီယန်တယ် တိုးဂိတ်အနီးတွင် နယ်စပ်မန်း ခရီးသည်တင်ယာဉ်အသင်းမှ 2I/---- HIACE အမျိုးအစား ခရီးသည်တင်ယာဉ်ကိုရှာဖွေရာ ယာဉ်နောက်ခန်းတွင် လိုက်ပါလာသူ ခရီးသည် ကိုထွန်း(၃၇)နှစ်နှင့် မောင်ဇော်(၂၆)နှစ်တို့ နှစ်ဦးကြားရှိ ဆွဲခြင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# မြို့သစ်မြို့နယ်ရှိ သီးနှံစိုက်ခင်းများအတွင်း တောဆင်ရိုင်းများ ဝင်ရောက်စားသောက်ဖျက်ဆီး

**မကွေး ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကွင်းကြီးကျေးရွာအုပ်စုတွင် ဒီဇင်ဘာလအတွင်း သီးနှံစိုက်ခင်းများအား တောဆင်ရိုင်းများဝင်ရောက်စားသောက်ဖျက်ဆီးမှု မကြာခဏဖြစ်ပွားခဲ့ကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရသည်။

မြို့သစ်မြို့နယ် ကွင်းကြီးကျေးရွာအုပ်စု ကွင်းကြီးကျေးရွာ၊ အိုင်မကျေးရွာနှင့် သုံးဆင့်ကျေးရွာများရှိ လယ်များ၊ ပဲစင်းငုံခင်းများ၊ နှံစားပြောင်းခင်းများ၊ ငှက်ပျောခင်းများအား ဒီဇင်ဘာ ၂၁ ရက် ညပိုင်းက ဆင်များ ဝင်ရောက် စားသောက်ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“တောဆင်ရိုင်းတွေက နေ့အခါတောတောင်လျှိုမြောင်တွေထဲမှာနေထိုင်ပြီး ညဘက်ရောက်မှဒေသခံတွေရဲ့သီးနှံစိုက်ခင်းတွေကိုဝင်ရောက်စားသောက်ဖျက်ဆီးနေတာပါ။ပြီးခဲ့တဲ့ နိုဝင်ဘာလကတည်းကကျွန်တော်တို့ကျေးရွာအုပ်စုတွေမှာ ကြိုးကြားကြိုးကြားဖြစ်နေတာပါ” ဟု အိုင်မကျေးရွာမှ ဒေသခံ ဦးဘိုအေးက ပြောသည်။

မြို့သစ်မြို့နယ် သစ်တောဦးစီးမှူး ဦးချစ်လွင်ဦးစီးသော သစ်တောဝန်ထမ်းများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်း၍ ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းမှစတင်၍ ဒေသခံပြည်သူများအား တောဆင်ရိုင်းများ၏ အန္တရာယ်ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ခြင်းနှင့် သုံးဆင့် ကျေးရွာအနီး ဝင်ရောက်လာသော တောဆင်ရိုင်း ၁၂ ကောင်အား ၎င်းတို့ကျက်စားရာ စွန်ကြိုးဝိုင်းအတွင်းသို့ ခြောက်လှန့်မောင်းနှင်ခဲ့ကြောင်း တောဆင်ရိုင်းများ ကွင်းကြီးကျေးရွာအုပ်စုသို့ဝင်ရောက်ခဲ့မှုနှင့်ပတ်သက်၍ မြို့သစ်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် ဦးဝင်းအောင်က ပြောသည်။

**(ကျော်ဇေယျ)**

**ငှားမည်**

တ/ဥက္ကလာစက်မှုအိမ်ရာမြေပေ(၅၀×၁၅၀)အဆောက်အအုံ၊ ပေ(၅၀×၇၅)ကား SHOW ROOM ကြီးများ၊ စားသောက်ဆိုင်ကြီးများနှင့် လုပ်ငန်းစုံ ငှားရမ်းနိုင်ပါသည်။

ဖုန်း- ၀၉-၉၇၁၁၁၂၂၂၈၊
၀၉-၇၃၀၃၆၆၆၈

**His & Hers**

ဝန်ထမ်းအမြန်အလိုရှိသည်။

- Photoshop (၃)ဦး
- Photographer (၃)ဦး
- အတွေ့အကြုံရှိရမည်။ လစာကောင်းကောင်းပေးမည်။
- အမှတ်၅(ခ)၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်း။

ဖုန်း-၀၉-၂၅၀၁၈၈၁၃၇၊
၀၉-၇၈၂၀၂၂၅၇၁




## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

၂၅-၁၂-၂၀၁၅ရက်တွင် NOVOTEL YANGON MAX HOTEL (Yangon Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးကြပါသော နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အားလည်းကောင်း၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် ဇနီးဒေါ်ခင်အေးမြင့်တို့အားလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့အားလည်းကောင်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွယ်တို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်ကိုယ်ကျတက်ရောက်ချီးမြှင့်ပေးပါသော ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်အားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အားလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲတွင် စုလျားရစ်ပတ်ထိမ်းမြားပေးပြီး မင်္ဂလာစံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်အား သိဒ္ဓိတင်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ စစ်ဘက်နယ်ဘက်အသီးသီးတို့မှ ဌာနဆိုင်ရာ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ မိသားစုဝင်များအားလည်းကောင်း၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ဆွေမျိုးမိတ်သင်္ဂဟများနှင့်သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော ဒေါ်ရီရီသန့်နှင့် မြန်မာမှုတေးဂီတအဖွဲ့တေးသံရှင်များ၊ မင်္ဂလာရှေ့ဆောင်လမ်းပြအဖြစ် ဆောင်ရွက်ပေးပါသော မမြင့်မိုရ်ရွှန်းလဲ့၊ မောင်ရဲစွမ်းထက်၊ မမေမြင့်မြတ်မောင်၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မအိမ့်မှူးဇော်၊ မမေမြင့်မို၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော မဖြူဖြူထက်ဝင်း၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မခိုင်ဆွေသော်၊ သတို့သားအရံများအဖြစ် ကူညီပေးပါသော မောင်သန့်ဇင်ဝင်း၊ မောင်အောင်သက်ခင်၊ သတို့သမီး အရံများအဖြစ် ကူညီပေးပါသော မအိမ့်မြင့်မို၊ မတင်ရတနာကို၊ မင်္ဂလာဝတ်စုံများအား မေတ္တာဖြင့်တီထွင်ဖန်တီးပေးပါသော ဒီဇိုင်နာမမြတ်ကေခိုင်မောင်(K.Collection)၊ ဘိသိက်ခန်းဝင်ပစ္စည်းများအား စီစဉ်ဆောင်ရွက်ပေးပါသော မြမာလာဟန်၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ဒေါ်စံပယ်ထွန်း(Best Jewel-lary)၊ မိတ်ကပ်ဆံပင် ဆင်ယင်ခြယ်သပေးပါသော မေဦး၊ Pre Wedding ဓာတ်ပုံများရိုက်ကူးပေးပါသော (Dior Studio)၊ ဓာတ်ပုံဗီဒီယိုရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီး၊ ပန်းအလှဆင် အန်တီနီလာ(Eternal Flower)၊ ဖိတ်စာများ ပုံနှိပ်ရိုက်ကူးပေးပါသော ဒဂုံပုံနှိပ်တိုက်၊ မေတ္တာစေတနာ အပြည့်အဝဖြင့် မင်္ဂလာပွဲကြီးအောင်မြင်အောင် စီစဉ်ပေးပါသော ဒေါ်မြတ်မြတ်ဦးအားလည်းကောင်း၊ အကျွေးအမွေးဖြင့် တည်ခင်းညှော်ခံပေးပါသော NOVOTEL YANGON MAX HOTEL မှတာဝန်ရှိသူများနှင့် ဝန်ထမ်းများအားလုံးတို့အားလည်းကောင်း၊ ၂၃-၁၂-၂၀၁၅ရက်တွင် NOVOTEL YANGON MAX HOTEL (ပုသိမ်ခန်းမ)၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မင်္ဂလာနာယကကြီးအဖြစ် ဆောင်ရွက်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ဦးဝင်းဆွေ၊ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးကြပါသော ဧရာဝတီဘဏ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်ဇနီး ဒေါ်ဌေးဌေးခိုင်တို့အားလည်းကောင်း၊ မင်္ဂလာပွဲအခမ်းအနား ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဌာနဆိုင်ရာအရာရှိများနှင့် ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှဲစွာကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကျော်ဇေမြင့်-မချိုသီရိမောင်**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး

**ခွေးဇာတ်**

ကျွန်တော့်မှာ ခွေးကလေးတစ်ကောင် ရှိပါတယ်။ အလှမွေး ခွေးကလေးပါ။ ရှီဇူးအမျိုးအစားပေါ့။ အလေးချိန်က ၁၄-၅ ပေါင်လောက်ပဲလေးပြီး အမွေးရှည်ရှည်ဖားဖားနဲ့ ခွေးလေးပါ။ တိဘက်နိုင်ငံက စတင်ပေါက်ဖွားပြီး တရုတ်ပြည်ကတစ်ဆင့် ကမ္ဘာအရပ်ရပ်ကို ပျံ့နှံ့သွားခဲ့တယ်လို့ အဆိုရှိပါတယ်။

ပြောရရင် ကျွန်တော့်ဘဝမှာ အသက်ကြီးမှ ခွေးမွေးဖူး၊ ခွေးနဲ့ လက်ပွန်းတတီးနေဖူးတာပါ။ သည်ခွေးလေးကတော့ တစ်အိမ်လုံးရဲ့ အသည်းကျော်ပေါ့ခင်ဗျာ။ အင်မတန် လိမ္မာတဲ့ ခွေး၊ သိတတ်တဲ့ ခွေးကလေးပါ။ ပြောရင် ကိုယ့်ခွေးကိုယ် အမွှမ်းတင်လွန်းတယ် ထင်မှာစိုးလို့ သူ့အကြောင်းတွေ အထွေအထူး ဝိတ္ထာရ မချဲ့တော့ပါဘူး။ လိုရင်းတိုရှင်း ပြောရရင်တော့ သူ့ အသက်က သည်နှစ် ဒီဇင်ဘာလ ၆ ရက်နေ့မှာ ခုနစ်နှစ်ပြည့်ပါတယ်။ သည် ခုနစ်နှစ်တာအတွင်း ဘယ်ပုဂ္ဂိုလ်၊ ဘယ်သတ္တဝါကိုမှ သူမကိုက်ဖူး၊ ရန်မမူဖူး ပါဘူးဆိုတာကိုပဲ အထူးပြုပြောလိုက်ချင်ပါတယ်။

ခွေးတို့ဘာဝ အိမ်ကို စောင့်သည်၊ လူစိမ်းလာရင် ဟောင်တတ်ပေမယ့်၊ ကြောက်တတ်ပုံပြနေရင် အဲဒီလူနား အတင်းတိုးကပ် နမ်းရှုပ်တတ်ပေမယ့် တကယ်တမ်းမှာ ဘယ်သူ့ကိုမှ သူ ရန်မမူဖူးဘူး။ ကိုက်ဖို့ဆိုတာ ဝေလာဝေးပါ။

လူတွေနဲ့ လက်ပွန်းတတီးအနေကြာလို့လားတော့ မသိဘူး၊ လူစကားကိုလည်း အံ့သြစရာ ကောင်းအောင် နားလည်ပါတယ်။

ဘယ့်နှယ်က ဘယ့်နှယ် ခွေးအကြောင်းကို ပြောနေလဲလို့ စာဖတ်သူ လူကြီးမင်း တွေးကောင်း တွေးနေပါလိမ့်မယ်။ ဟုတ်ကဲ့. . . အကြောင်းရှိလို့ အစချီလိုက်တာပါခင်ဗျား။

**ကိုယ့်ပေါင်ကိုယ်လှန်ပွဲ**

ကျွန်တော့်မှာ အိုးပိုင် အိမ်ပိုင် မရှိပါဘူး။ သည်တော့ အိမ်ငှားဘဝမှာ ကျင်လည်နေခဲ့တာပဲ ကျွန်တော့်သား တစ်သက်၊ ၂၄ နှစ်ကျော်ခဲ့ပါပြီ။ နောက်ဆုံး နေခဲ့တဲ့အိမ်မှာတော့ အိမ်ရှင်က သဘောကောင်းတာမို့ ၁၁ နှစ် တိတိ ကြာသွားခဲ့ပါတယ်။ သို့သော် ပြောင်းလဲလာတဲ့ ခေတ်နဲ့အညီ အိမ်ရှင်တွေက မြန်မာဆိုရင်တယ် မထားချင်တော့ဘူးလားတော့ မသိပါဘူး။ နိုင်ငံခြားသားကို ပိုမျှော်လာပါတယ်။ နောက်တစ်ချက်က သက်တမ်း ၁၀ နှစ် ကျော်လာတဲ့အခါ ရှေးခေတ်အိမ်ရာ ဥပဒေအရ အိမ်ပိုင်ဆိုင်ခွင့်အတွက် ရတက်မအေး ဖြစ်ရှာလို့လားတော့ မသိဘူး၊ သည်နှစ်မှာ အဲဒီတိုက်ခန်းက ဖယ်ပေးရဖို့ ဖြစ်လာပါတယ်။

အဲဒီမှာ ကျွန်တော့် ခွေးကလေးကို စမွေးခဲ့တာပါ။ အဲတော့ သည်ခွေးကလေးဟာ တိုက်ခန်းနဲ့ အလွန် နေသားကျနေတဲ့ ခွေးကလေးဖြစ်နေပါတော့တယ်။ တိုက်ခန်းစံခွေးပေါ့ခင်ဗျာ။ တစ်နေ့တစ်ခါ အနီးဝန်းကျင်ကို လမ်းလျှောက်ထွက်တာက လွဲရင်၊ တစ်ခါတလေ ကျွန်တော်တို့ သွားတဲ့အခါ ခေါ်သွားတတ်တာမို့ ဘားအံမြို့-မော်လမြိုင်မြို့အထိ ရောက်ဖူးတာက လွဲရင် တစ်ချိန်လုံး တိုက်ခန်းထဲမှာပဲ နေနေရတဲ့ ခွေးကလေးပါ။

ကျွန်တော်တို့ အိမ်ပြောင်းဖို့ အိမ်ရှာတဲ့အခါ ထူးခြားတဲ့ အိမ်ရှင်တစ်ဦးနဲ့ တွေ့ရပြန်ပါတယ်။ ထူးခြားဆိုသူကကျတော့ နိုင်ငံခြားသားကိုထက် မြန်မာချင်း ငှားရမ်းပေးလိုတဲ့ အာသီသနဲ့ ဖြစ်နေလို့ပါပဲ။ ကျွန်တော် ပေးနိုင်တဲ့ ဈေးထက် သုံးသိန်းလောက် ပိုပေးမယ့် နိုင်ငံခြားသားတွေကို ငြင်းလိုက်ပြီး ကျွန်တော့်ကို



**ဟောရင်း ပျံတော်မူတော့မလားတောင် မသိပေါင်ဗျာ**

ဆူဒိုနင်

> "ကျွန်တော်တို့ လူသားတွေဆိုတာကတော့ တိရစ္ဆာန်ထက်မြင့်မားတဲ့ အသိဉာဏ်နဲ့ရပ်တည် ရှင်သန်နေကြသူတွေပါ။ သို့သော်လည်း ငါနဲ့မတူ ငါ့ရန်သူဆိုပြီး ကိုယ်နဲ့မတူတိုင်း စိတ်ရိုင်းတွေ ဝင်လွှယ်တာ. . ."

ဈေးလျှော့ ငှားရမ်းပေးခဲ့တဲ့အတွက် သည်နှစ်မှာ ကျွန်တော်တို့ မိသားစုဟာ တိုက်ခန်းထက် အများကြီး ခြေခင်းလက်ခင်း သာလှတဲ့ ခြံဝင်းနဲ့ နှစ်ထပ်အိမ်လေးတစ်လုံးမှာ စတည်းချခွင့် ရသွားပါတော့တယ်။

အိမ်ရှေ့မှာ ဆယ်ပေ ပေ ၆၀ လောက် မြေပိုလေး ပါတဲ့အပြင် အိမ်ဘေးတစ်ဖက်မှာ သုံးပေ၊ ကျန်တစ်ဖက်မှာ ၆ ပေလောက်၊ နောက်ဖေးဘက်မှာလည်း ၆ ပေ၊ ၈ ပေလောက် မြေပိုလေးတွေလည်း ပါပါတယ်။

လူတွေအသာထားဦး၊ သည်အိမ်ကလေးဟာ ခွေးကလေးအတွက်တော့ အတော့်ကို အဆင်ပြေသွားပါတော့တယ်။ အိမ်တွင်းအောင်း ဘဝကနေ ကျယ်လွင့်တဲ့ ခြံဝင်းအတွင်း စိတ်ရှိတိုင်း သွားလာလှုပ်ရှားလို့ ရသွားပြီလေ။

**ပျော့ပြောင်းညင်သာ သွန်သင်တာ**

အဲ-တစ်ခုရှိတာက ဘယ်ကရောက်လာမှန်းမသိတဲ့ အာဂန္တုကြောင်တွေပါ။ သူတို့တွေက သည်အိမ်ကို ဝင်နေ ထွက်နေကျနဲ့ တူပါတယ်။ ပထမတော့ နှစ်ကောင်ပဲ ပင်တိုင်ခင်ဗျ။ သို့သော် ကျွန်တော့်သားနဲ့ ဇနီးက တိရစ္ဆာန်လေးတွေကို အင်မတန် ချစ်တတ်၊ သနားတတ်သူတွေ။ အဲတော့ အဲဒီအာဂန္တုတွေကို ကျွေးမွေး စောင့်ရှောက်ကြပါရောလား။ သည်မှာတင် မူလက နှစ်ကောင်သာ ရောက်လာရာက အခုဆို ငါးကောင်အထိ ရောက်လာကြပါတော့တယ်။ အိမ်သာလို့ ဧည့်လာတာပဲလေဆိုပြီး ကျွန်တော်တို့လည်း လွှတ်ထားရပါတယ်။

သို့သော် ခွေးကလေး ပြဿနာတက်ပါပြီ။ သူ့ထက် ပိုချစ်မယ့်သူများ ဖြစ်လာလေမလားဆိုတဲ့ အတွေးက သူကလေးမှာလည်း ရှိမယ် ထင်ပါတယ်။ စခါစ သုံး-လေးရက်မှာ သူက အဲဒီကြောင်တွေကို အတင်းလိုက်ပါတယ်။ ကြောင်တွေက သူ့ထက် သွက်လက် လျင်မြန်ပေါ့ပါးတဲ့အပြင် အရေးဆိုအမြင့်ကို ခုန်တက်နိုင်စွမ်းတာမို့ ခမျာမှာ အမောသာ အဖတ်တင်ပါတယ်။

သူ အဲသလို လိုက်လိုက်နေတာကို ကျွန်တော့်အိမ်သူက တားပါတယ်။ ခွေးလေးကို ပျော့ပြောင်း ညင်သာစွာပဲ ပြောပါတယ်။ "သူတို့လည်း သူတို့ဘာသာ နေကြတာ၊ အဲလို မလုပ်ရဘူးလေ၊ သူငယ်ချင်းတွေလေ" ဘာညာ ပြောတာပါ။

အမယ်. . . ခွေးကလေးက နားထောင်တယ် ခင်ဗျ။ ရန်မမူတော့ပါဘူး။ အသားကုန် လိုက်တာလည်း လုံးဝ မလုပ်တော့ပါဘူး။

ပထမပိုင်းမှာ သူဟာ ကြောင်လေးတွေကို ကျွေးတဲ့ ကြောင်စာတွေ ဝင်တွယ်ပါတယ်။ ကြောင်လေးတွေကို ကျွေးတဲ့ ပေါင်မုန့်အကြွမ်းတွေကိုလည်း စားပါတယ်။ အမှန်တော့ ကျွန်တော့်ခွေးကလေးဟာ တစ်အိမ်လုံးရဲ့ အသည်းကျော်ပီပီ အစားအသောက် အင်မတန် ကြေးများပါတယ်။ ခွေးကြီးကျယ်လေးလို့တောင် ဆိုရမလား မသိဘူးခင်ဗျ။

ဒါပေမယ့် ကြောင်လေးတွေကို မနာလိုစိတ်နဲ့ သူဟာ ပေါင်မုန့်အကြွမ်းကိုလည်း အစပိုင်းမှာ ဝင်တွယ်ပါတယ်။ ကြောင်စာကတော့ သူ့အစာလိုပဲ တစ်ဖက်နိုင်ငံက တင်သွင်းတဲ့ အသင့်စား ကြောင်စာတွေပါ။ အဲဒါလည်း သူက မဆီမဆိုင် ဝင်တွယ်လိုက်ပါသေးတယ်။

သုံးလေးရက်နေတော့ အဲဒါတွေကို သူမစားတော့ပါဘူး။

**ယနေ့မြင်ကွင်းနဲ့ ကျွန်တော့်အမြင်**

အဲ. . . ကနေ့မနက်ကျတော့ သူက ကြောင်လေးတွေနဲ့ သူနဲ့ တစ်ပေခွဲလောက်အကွာမှာ အေးအေးငြိမ်းငြိမ်းပဲ ထိုင်နေတာကို တွေ့လိုက်ရပါတယ်။ ကြောင်ကလေးတွေက သူ့ကို ရှိတယ်လို့တောင် မမှတ်ဘဲ အိမ်ရှေ့ သံမံတလင်းမှာ အေးအေးဆေးဆေး လဲလျောင်းနေကြတယ်။ ခွေးကလေးကလည်း သူတို့နဲ့ တစ်ပေခွဲလောက် အကွာ သံမံတလင်းပေါ်မှာပဲ သူတို့တွေကို မျက်နှာမူကာ ဆောင့်ကြောင့်လေး ထိုင်လို့ရယ်။ သူက ကြောင်လေးတွေဘက်ကို မျက်နှာမူထားပေမယ့် သူ့မျက်လုံးတွေကတော့ ကြောင်လေးတွေဆီမှာ မရှိပါဘူး။ ဘေးဘီနဲ့ ခြံပေါက်ဝဆီကိုသာ စူးစူးစမ်းစမ်းကြည့်နေပါတယ်။

သူတို့တွေကို ကြည့်ရင်း ကျွန်တော့် ရင်ထဲမှာ စစ်ခနဲ ဖြစ်သွားတယ်။

အိပ်ခြင်း၊ စားခြင်း၊ မေထုန်မှီဝဲခြင်းဆိုတဲ့ အလိုဆန္ဒ (ကုဏ္ဍာ) သုံးမျိုး(တြိ) သာသိလို့ တိရစ္ဆာန်လို့ ခေါ်တာပါ။

အဲဒီ တိရစ္ဆာန်ဖြစ်တဲ့ ခွေးကလေးဟာ သူနဲ့ မျိုးမတူ ဇာတ်ခြားတဲ့ ကြောင်ကလေးတွေနဲ့ သိပ်များများစားစား ပြောစရာမလိုလှဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်တတ်သွားတာလေးက ကျွန်တော့်ရင်ကို လှုပ်ခတ်သွားစေခဲ့ပါတယ်။

ကျွန်တော်တို့ လူသားတွေဆိုတာကတော့ တိရစ္ဆာန်ထက် မြင့်မားတဲ့ အသိဉာဏ်နဲ့ ရပ်တည်ရှင်သန်နေကြသူတွေပါ။ သို့သော်လည်း ငါနဲ့မတူ ငါ့ရန်သူဆိုပြီး ကိုယ်နဲ့မတူတိုင်း စိတ်ရိုင်းတွေ ဝင်လွယ်တာ၊ အဲသလို မဝင်ဖို့အရေး ဖျောင်းဖျပြောဆိုသူတွေကိုပါ ရန်လုပ်တတ်တာများကို ပြန်တွေးမိတဲ့အခါ ရင်ထဲမှာ အတော့်ကို မချိမဆံ့ဖြစ်လာရပါတယ်။

ဒါနဲ့ပဲ သည်တစ်ပတ်မှာ သည်အကြောင်းလေးကိုပဲ မပြောရဲ ပြောရဲနဲ့ စာဖွဲ့လိုက်မိရပြန်ပါပြီ။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်စုံတစ်ရာတော့ ရသွားတန်ကောင်းရဲ့လို့ မျှော်လင့်မိပါတယ်ခင်ဗျား။

**"ပို၍" ပို၍ ပျော်ရွှင် ကံကောင်းခြင်း(PPP)**

ယခု ဘဝ ကံမကောင်း အကြောင်းမလှ ဖြစ်စေတဲ့ ကံဆိုး ကံညစ် ကံညံ့များ ဖယ်ရှင်း ပေးပါသည်။ "လက်တွေ့" ကံကောင်းလိုလျှင်--- "KST"

ဖုန်း-၀၉-၄၃၁၂၇၂၃၉၊ ၀၉-၂၅၀၀၀၂၄၇၇ (ပို၍ ပို၍ ပျော်ရွှင်ကံကောင်းရမည်။)

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်နိုင်ကိုကို CDC 99823 ၏ DSD လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၉၀၃၀၂၅၇**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးရဲကျော်အောင် CDC 66312 ၏ သင်္ဘောသားလက်မှတ် PSCRB ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း ၀၉-၄၃၀၆၇၆၉၈**

**ဂိုဒေါင်ငှားရန်**

သဃ်န်းကျွန်း၊ BOC မှတ်တိုင်အနီး၊ ၅၀'×၁၀၀' (၂)လုံး၊ ၃၅'×၁၄၀' (၁)လုံး၊ ၅၂'×၁၉၅' (၁)လုံး၊ ရေမီးစုံ၊ ကွန်တိန်နာဝင်ထွက်နိုင်သည်။ **ဖုန်း-၀၉-၅၁၇၈၃၁၅**

**ကန့်ကွက်ကြော်ငြာခြင်း**

